http://www.dhammadownload.com

384

ရွှေတောင်မြို့-ကျီးသဲလေးထပ်

ဆရာတော်ကြီး

၏

အစိန္တေယျဘုရားရှိခိုး

နှင့်

ခက်ဆစ်အဖြေ

သာသနာရေး ဦးစီးဌာနမှ
အရှင်ကောဝိဒမှ
လှူဒါန်းပါသည်။

•၃၇၃
သလ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

http://www.dhammadownload.com

ရွှေတောင်မြို့-ကျီးသဲလေးထပ်

ဆရာတော်ကြီး

၏

အစိန္တေယျဘုရားရှိခိုး

နှင့်

ခက်ဆစ်အဖြေ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

http://www.dhammadownload.com

၂၄၈ရပြ

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင် မှန်သမျှတို့သည် 'ဇိနတ္ထပကာသနီ' 'စွယ်စုံကျော်ထင်' 'မဟာဝင်ဝတ္ထု (စကားပြေ)' စသောကျမ်းဂန်တို့ကို မဖတ်ရှုဘူးသူ မကြားဘူးသူ ရှားပါးသကဲ့သို့ ထိုကျမ်းဂန်များကို ရေးသားပြုစု စီရင်တော်မူသည့် ရွှေတောင်မြို့ "ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး" ကိုလည်း မကြားဘူးသူ ရှားပါးပေလိမ့်မည်။

ထိုမျှ 'ပညာအရာ၌ဖြစ်စေ' 'စာရေးတော်မူရာ၌ဖြစ်စေ' ထင်ရှားကျော်စောတော်မူသော ဆရာတော်ဘုရားကြီး စီရင်တော်မူသည့် ကျမ်းဂန်စာစောင်တို့ များစွာရှိပေရာ ဤယခု " အစိန္တေယျ " ခေါ် ဘုရားရှိခိုး သည်လည်း အပါအဝင် ဖြစ်ပေ၏။ အစိန္တေယျခေါ် ဘုရားရှိခိုးသည် ဘုရားရှိခိုး မည်ကာမတ္တမဟုတ်ချေ၊ ပိဋကတ်တော်လာ ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်အားလုံးကို သိမ်းကျုံးယူငင်၍ ထင်ရှားအောင် ရေးသားတော်မူသည့် ဘုရားရှိခိုးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း များစွာ လေ့လာအပ်သော ဘုရားရှိခိုး ဖြစ်ပေ၏။

ဗုဒ္ဓဘာသာဟူသည် ရတနာသုံးပါးလျှင် အဦးပဓာန ဖြစ်၏။ ရတနာသုံးပါးတို့တွင်လည်း ဘုရားတည်းဟူသော ရတနာသည် အဦးပဓာနဖြစ်သောကြောင့် ထိုဘုရားရှင်

http://www.dhammadownload.com

နိဒါန်း

သည် အဘယ်သို့သော ဘုရားနည်း, အဘယ်သို့သော ဂုဏ်တို့နှင့် ပြည့်စုံသော ဘုရားနည်း စသည်ဖြင့် မိမိရရ သိရှိသဘောပိုက်မိကြစေရန် ဆရာတော်ကြီးသည် ဂုဏ်တော်အနန္တတို့ကို သေချာဂန ဖွင့်ပြတော်မူခဲ့သော ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုးလည်း ဖြစ်ပေသည်၊ ထိုဘုရားရှိခိုးကြီးကို လေ့လာဖတ်ရှုရာ၌ ဉာဏ်ဖြင့် သက်ဝင်နိုင်ကြစေရန် ခေတ်နှင့်လည်း လျော်ညီ ကျမ်းဂန်ကိုလည်း မှီသော စာရေးဆရာ မဲ့ာသ၏ ခက်ဆစ်အဖြေနှင့် တကွ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ စက်တင်ရိုက်နှိပ်ထုတ်ဝေလိုက်ရပါသည်။

ဆရာတော်ကြီးသည် ဤမျှ ထူးပြားဆန်းကြယ် အံ့ဖွယ်သရဲ လွန်ကဲလှသည့် ဂုဏ်ကျေးဇူးတော်တို့ကို ပိဋကတ်ကျမ်းဂန်မှ ဖွေထုတ်ရေးသားခဲ့ရာ ထိုသို့ ရေးသားခဲ့သော ဘုရားရှိခိုးကြီးကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အချိန်ရှိတိုင်း အလှိုင်းတကြီး လေ့လာဆည်းပူးခြင်းဖြင့် ရခဲလှစွာသော ဒုလ္လဘ ဘဝထူးကြီးကို ရကျိုးနပ်ပါစေ ရကျိုးနပ်ကြရန်လည်း လူကြီး, လူငယ်, လူရွယ်, လူလတ်, ကျား, မ, မရွေး ကလေးသူငယ်များပါ မကျန် သင်အံကျက်မှတ် နှုတ်တက်ရွလျက် သုံးလောက ထွတ်ထားရှင်တော်ဘုရားအား ရည်မှတ်ဝတ်ပြုနိုင်ကြပါစေသောဝ်။

သာသနာရေးဦးစီးဌာန

http://www.dhammadownload.com

ရွှေတောင်မြို့-ကျိုးသဲလေးထပ်

ဆရာတော်ကြီး

၏

အစိန္တေယျဘုရားရှိခိုး

နှင့်

ခေါ်ဆင်အဖြေ

[illegible] အစိန္တေယျ၊ အ[illegible]မေယျ၊ သောဠသဝေဋ္ဌ၊ အတုလ ပရမ် အခက်[illegible]ဂရ၊ သမ္မာသမ္ဗုဒ္ဓ၊ အနုတ္တရမာရဇိ၊ တြိလောကာနုဂ္ဂဟ[illegible]ယမှု[illegible]ရျ၊ ဤသို့စသော အသင်္ချေ-ယျ၊ နာမတံဆိပ်၊ ဂုဏ်ဝိသိဋ္ဌဖြင့်၊ ဇမ္ဗူဒိပ်မှတက်၍၊ ဘဝဂ်တိုင် ကြော်ငြာလျက်၊ ကာမ,ရူပ,အရူပဟု ဩကာသ သုံးရပ်၊ လောကဓာတ်၌၊ အမြတ်ထက်အမြတ်၊ သမိုက်အပ်သော၊ လူ,နတ်ဗြဟ္မာ၊ မဟာကဝိန်၊ သုခမိန်တို့သည်၊ ပညာ[illegible]ရှိဟိုင်းဖြင့်၊ ခြားဟိုင်းတွက် ကျူး၍၊ မဆုံးမကုန်နိုင်၊ မ[illegible]ရည်နိုင်၊ မ[illegible]သြနိုင်၊ ပြည့်လှိုင်ထွေပြား၊

http://www.dhammadownload.com

များပြား ကျယ်ဝန်းသော၊ ကျေးဇူးတော်အပုံ၊ဂုဏ်တော် အပေါင်းတို့နှင့် ပြည့်စုံတော်မူပေထသော။

(၂) အမျိုးဖြင့် မြတ်သောသူ၊ ဘုန်းဖြင့် မြတ်သော သူ၊ဂုဏ်ဖြင့် မြတ်သောသူတို့သည် မာန်မူဘက်ပြိုင်ခြင်းငှာ မထိုက်၊ မကိုဋ္ဌမင်္ဂလာ ဤကမ္ဘာ၌၊ ပဌမာဒိက၊ ဘူမိပါလ၊ အာဒိစ္စဂိုဏ်း၊ တိုင်းပြုပြည်ပြု၊ သမုတိဒေဝရာဇ်၊ နေနွယ် ဖြစ်၍၊ စင်စစ် အမျိုးတော်အားဖြင့် မြတ်သော ဇာတိ-မဟတ္တတာဂုဏ်။

သုံးဘုံရပ်လုံး၊ ညွတ်ရှိုးကော်ရော်၊ ပူဇော်ဦးညွတ်ရာ ဖြစ်၍၊ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်သော ပုည-မဟတ္တတာဂုဏ်။

ဝသုန်သေလာ၊ အဏ္ဏဝါကို၊ မြူလွှာပြုလျက်၊ နှိုင်းတု စက်လည်း၊ ကျေးဇူးနက်တိုင်၊ မကုန်နိုင်ဖြစ်၍၊ စင်စစ် ဂုဏ်အားဖြင့် မြတ်သော ဂုဏမဟတ္တတာဂုဏ်။

ဤသုံးစုံကြောင့်၊ လူ့ဘုံနတ်ဌာန်၊ နှစ်နိုင်ငံ၌၊ ပြိုင်စံ ယှဉ်ဖော်၊ မပေါ်မပြူ၊ တဆူတည်းသော အပ္ပဋိပုဂ္ဂိုလ် ဖြစ်တော်မူထသော။

(၃) ဇမ္ဗူ့ကျက်သရေ၊ ချက်ဗွေဘူမိ၊ အပရာဇိတ်ခရိုင်၊ ညောင်မဏ္ဍိုင်ကို၊ စိုးပိုင်တော်မူအံ့သောကာလ၌၊ ကာမ လောကဓာတ်၊ ခုနစ်ရပ်လုံး၊ ဆတ်ဆတ်လှိုက်ခုံ၊ တုန်ဘ

http://www.dhammadownload.com

နန်းမျှ၊ သန်းအကုဋေ၊ နတ်ဗိုလ်ခြေနှင့်၊ မိုးမြေကြည်းဟီး၊ ပွဲတင်တီးအောင်၊ ဖျက်ဆီးလုယက်လာသော၊ မေခလာဂီရိ၊ တောင့်တရှိမျှ၊ ပြောင်ကြီးသနင်း၊ မာရ်နတ်မင်းကို၊ ဖြည့်တင်းတော်မူခဲ့သော ပါရမီဉာဏ်၊ ကံသမ္ဘာရှိန်၊ ဝရဇိန်လှံ့ပြောင်၊ ရွှေဘုန်းရောင်ဖြင့်၊ မှောင်မဝင်ခင်၊ အောင်မြင်တော်မူစေ၍၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ ဖြိုဖျက်တိုက်လှန်ခြင်းငှာ၊ အာနာပါနာ၊ ဘာဝနာဖြင့်၊ ရူပါဝစရ၊ အရူပါဝစရ၊ စတုက္ကသမာပတ် တို့ကို၊ အာဝဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီ၊ ပစ္စဝေက္ခနဝသီ၊ အဓိဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီ တည်းဟူသော ဝသီဘော် ငါးတန်ဖြင့် အတန်တန် လေ့လာပြီးလျှင်။

ရှေးတီးကာလ၊ ဘဝရှည်ကြာ၊ ဖြစ်ဖူးသမျှ၊ ဒေသရပ်ရွာ၊ ခန္ဓာပင်စည်၊ အမည်၊ အမျိုးစသော ပရမတ်၊ ပညတ်တို့ကို တတ်အပ်သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်။

သုံးတန်ဘုံသား၊ အများဝေနေယျတို့၏၊ ကမ္မဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရ, ပဋိစ္ဆန္န၊ သဏှ, သုခုမဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်။

လေးတန်သြဃ၊ အာသဝနှင့်၊ ယောဂ, ဂန္ထ၊ လေးဝဥပါဒါန်၊ ခြောက်တန်နီဝရဏ၊ အနုသယခုနစ်အင်၊ သံယော

http://www.dhammadownload.com

ဇဉ်ဆယ်တန်၊ ခြံရံလျက်သား၊ များစွာသော အကုသိုလ်၊ ဗိုလ်ခြေစစ်သည်တို့ကို ကွပ်ကဲသော သူရဲကိလေသာ၊ ထောင့်ငါးရာတို့ကို၊ စင်စွာပယ်ဖြတ်၊ အလွန်မြတ်သော ကြောင့် အရဟတ္တမဂ္ဂအမည်ရသော အာသဝက္ခယဉာဏ်။

ဤသုံးတန်သော ဝိဇ္ဇာ၊ ခွဲစိတ်ဖြာသော်၊ ဝိဇ္ဇာ ရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သယမ္ဘူအထွတ် လူတမွတ်ဟု မချွတ်သမိုက်အပ်ထသော။

(၄) ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ ရခြင်းငှာ မထိုက်၊ သုံးတိုက်ဘုံသား၊ အများသတ္တ၊ ဝေနေယျပုဂ္ဂိုလ် တို့၏ အလိုဆန္ဒ အာသယကျိန်းဟန်ကို ကောန်သိမြင်နိုင် သော အာသယာနုသယဉာဏ်။

ဣန္ဒြေရင့်,မရင့်ကို ထောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်။

ပရမတ်,ပညတ် အရပ်ရပ်လုံးစုံကို အကုန်သိမြင်နိုင် သော သဗ္ဗညုတဉာဏ်။

သင်္ခါရ,ဝိကာရ,လက္ခဏ, နိဗ္ဗာန်,ပညတ်တည်းဟူသော ဉေယျမံငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင် ခြင်း မရှိသည်ကို သိသော အနာဝရဏဉာဏ်။

ယမိုက်ပြာဋိဟာ လွှတ်ခြင်းငှာ၌ လေ့လာတော်မူနိုင် သော ယမကပါဋိဟာရိယဉာဏ်။

http://www.dhammadownload.com

သနားထိုက်လှသော ဝေနေယျသတ္တဝါတို့ကို လွန်စွာ သနားတော်မူသော မဟာကရုဏာသမာပတ္တိဉာဏ်။

ဤခြောက်တန်သော ဆအသာဓာရဏ ဉာဏ်လျှံ ပြောင် မြတ်တန်ဆောင်ကို ညှိထောင်ထွန်းစိုက်တော် မူပြီးသဖြင့် ဝေးနီးစကြဝဠာ သမန္တာရပ် လောကဓာတ် တို့ကို ထုတ်ခပ်ထင်ထင် ရှုမြင်တော်မူနိုင်သော ပသာဒ-စက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခု တည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင်တော် မူပြီးထသော။

(၅) ပလ္လင်, အနိမိသ၊ စင်္ကမမှသည်၊ စတုတ္ထသတ္တာ-ဟဝယ်၊ရတနာရွှေအိမ်၊ ချမ်းရိပ်ငြိမ်၌၊ မွေ့သိမ်စံပယ်တော် မူသောအခါ၊ အဘိဓမ္မာခုနစ်ကျမ်းတွင်၊ ပဋ္ဌာန်းဒေသနာ ကို လေ့လာ ဆင်ခြင်တော်မူသော၊ အာနုဘော်တော် ကြောင့်၊ သွေးတော်သားတော်၊ အရိုးတော်စု၊ဝတ္ထုပသာ-ဒိန္ဒြေအလုံးမှ၊ ပြိုးပြိုးပြိုးပြက်၊ ရိုးရိုးရက် တောက်ပလျက် နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ၊မိလ္လာ၊ ရည်လို၊ ဖိတ်ဖိတ်ယိုမျှ၊ ညိုသော ရောင်ခြည်တော်။

ဖကတ္တိပါ၊ ဂီဝါလျှပ်ပြေ၊ ရွှန်းရွှန်းဝေမျှ၊ ရွှေသော ရောင်ခြည်တော်။

ကသစ်ခေါင်ရမ်း၊ ပန်းကြက်မောက်ပြီ၊ တွေးတွေး ချီမျှ၊ နီလှသော ရောင်ခြည်တော်။

http://www.dhammadownload.com

သာခွာဘော်ကြူ၊ဖွေးဖွေးလူသကဲ့သို့ ဖြူသော ရောင်ခြည်တော်။

ပြာလံ့ညိုလံ့၊ ခိုလံ့စုပေါင်း၊ရှမဲညောင်းမျှ၊ မောင်းသော ရောင်ခြည်တော်။

ထွန်းပေါ်ဝင်းဝင်း၊ ထိန်လင်းစက်စက်၊လျှပ်စစ် လက်သကဲ့သို့ ပြိုးပြိုးပြက်သော ရောင်ခြည်တော်တည်းဟူသော ရောင်ခြည်တော် ခြောက်ဆိုင်ကို တပြိုင်တည်း ကွန်မြူးစေလျက် လနေအတိ လျှံညီးပြောင်ပြောင်၊ဗိမာန်ရောင်နှင့်၊ သောင်းထောင် စကြဝဠာ၊ ထွန်းလင်းဖြာသော ဗြဟ္မာကြီးတို့၏ ကိုယ်ရောင်ကိုလျက် နှိပ်စက်လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်တို့ဖြင့် အထောင် အသောင်းသော လောကဓာတ်တို့ကို တလျှပ်လျှပ် ထွန်းလင်းတော်မူပြီးထသော။

(၆) ပရဗိုဇ်တက္ကတွန်း၊ ရဟန်းရသေ့၊ မုန္နေ့အရည်း၊ ဦးပြည်းတပသီ၊ ဗေရာဂီတို့၏၊ ဝါဒီအလိုက်၊ စရိုက်ဘာဝ၊ ကျင့်ဆောင်ကြသော၊ သာသနာ့ဗာဟိ၊ လောကီသီလတို့ထက်၊ ဆထက်ထောင်ရာ၊ သာလွန်ဘိသဖြင့်၊ အဓိသီလဟုသမုတ်အပ်သော၊ အာပတ်ခုနစ်ဖုံကို၊ လုံခြုံစွာ စောင့်ကြောင်း ဖြစ်သော ပါတိမောက္ခသံဝရ။

ဣန္ဒြေခြောက်ပါးကို တားမြစ်ပိတ်ပင်ကြောင်း ဖြစ်သော ဣန္ဒြိယသံဝရ။

http://www.dhammadownload.com

မိစ္ဆာဇီဝမှ ကြဉ်ခွာလျက် စင်ကြယ်စွာ အသက်မွေးကြောင်း ဖြစ်သော အာဇီဝပါရိသုဒ္ဓိသီလ။

ပစ္စည်း ၄-ဖြာကို ပစ္စဝေက္ခဏာဖြင့် သုံးသပ်ခြင်းတည်းဟူသော ပစ္စယသန္နိဿိတသီလ၊

ဤလေးဝသော စတုပါရိသုဒ္ဓိတံခွန်၏ အလွန်ဖြူစင်မှုမတင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိ။

မဟဂ္ဂုတ်လောကုတ္တရာ၊ ဈာန်၌သာလျှင်၊ မြဲမြံစွာလေ့လာခြင်းတည်းဟူသော စိတ္တဝိသုဒ္ဓိ။

ခြောက်ဆယ့်နှစ်ဖြာသော မိစ္ဆာဝါဒီ ဝိတဏ္ဍိညစ်ကြေးမှ ကင်းဝေးစင်ဖြူလျက် အယူ၏စင်ခြင်းတည်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ။

၁၆-ပါးသော ယုံမှားသက်ာကို ဖြတ်ခွာလွန်မြောက်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ကင်္ခါ-ဝိတရဏ ဝိသုဒ္ဓိ။

မဂ်ဟုတ်သည်, မဟုတ်သည်ကို မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

မဂ်သို့ ရောက်ကြောင်း၊ အကျင့်ကောင်းကို၊ မြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းတည်းဟူသော ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိ။

http://www.dhammadownload.com

မဂ် ၄-ရပ်နှင့်၊ သဟဇာတ်သမ္ပယုတ်ဖြစ်၍၊ သစ္စာ ၄-တန်ကို ၁၆-နက် ဝေဖန်၍၊ ဧကန်သိမြင်နိုင်သော ဉာဏဒဿနဝိသုဒ္ဓိတည်းဟူသော၊ သုဒ္ဓိခုနစ်ပါး၊ တရားဘွဲ့ဖြူ၊ သရဖူမကိုဋ်၊ဦးစိုက်မင်္ဂလာ၊မြတ်တန်ဆာကို၊ တင့်တယ်စွာ ဆင်ယင်လျက်။

တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿမ္ဘနဝိမုတ္တိ, နိဿရဏဝိမုတ္တိတည်းဟူသော ဝိမုတ္တိ ငါးရပ်၊ တရားမြတ်ကြောင့်၊ လောကဓာတ်အားလုံး၊ ညွတ်ကျိုးပူဇော်ရာ၊ အဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိတို့ထက် ကဲထက်လွန်မြတ်စွာ၊ မုနိန္ဒာဘိပရဝ အတုလမုနိ လည်းဖြစ်တော်မူထသော။

(၇) ဂင်္ဂါဝါလု၊ သဲစုမြူဟန်၊ ပမာတန်ကဲ့သို့၊မနန္တဂူ၊ နိဗ္ဗာန်ယူကုန်သော၊ ဆူဆူမြတ်စွာ၊စေ့သတ္တာတို့၏၊ သွားရာလမ်းကြောင်း၊ စရိုက်ကောင်း မူလဖြစ်သော သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနေမတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, စတ္တာရိဈာန တည်းဟူသော စရဏတရား တဆယ့်ငါးပါးတို့ကို အားသစ်ကျင့်ဆောင်တော်မူသဖြင့်။

သယမ္ဘူတကာ၊ ပြည့်စုံရာသော၊ နာနာကုလတို့၏ ဝေါဟာရသဒ္ဒါအနက်ကို၊ အချက်ကျ သိနိုင်သော အတ္ထပဋိသမ္ဘိဒါ။

http://www.dhammadownload.com

ဝါစာဂီရတ်၊ နှုတ်သံလွှတ်က၊ ဇာတ်တူတူ, မတူတူ ဘာသာဟူသမျှကို၊ ကေန္တသိနိုင်သော၊ ဓမ္မပဋိသမ္ဘိဒါ။

တခုတခုသော ပုဒ်အက္ခရာ၊ သဒ္ဒါ၏ အလိုကို၊ ဝိဂ္ဂိုဟ်ဝစနတ်၊ ဓာတ်,ပစ္စည်း,လိင်,အန်ဖြင့်၊ ဝေဖန်၍ သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ။

ကိုယ်တော်သိသမျှ တရားကို၊ သူတပါးသိစိမ့်သောငှာ၊ သဒ္ဒါ, ပညတ်သို့ တင်၍၊ စုံလင်စွာ မြွက်ဆိုတတ်သော၊ ပဋိဘာန ပဋိသမ္ဘိဒါ တည်းဟူသော သမ္ဘိဒါလေးပါး။

ဣဒ္ဓိဝိဓ,ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိ-ဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသ တည်းဟူသော အဘိညာဉ် ခုနစ်ပါး။

ရူပဈာန် လေးရပ်, အရူပဈာန် လေးရပ်အားဖြင့်၊ သမာပတ်ရှစ်ပါး။ ကျေးဇူးတော် တဆယ့်ရှစ်ပါး။ ထူးပြားဆန်းကျယ်၊ အင်္ဂါဖွယ်တော်တဆယ့်ရှစ်စုံ၊ ထိုမျှဂုဏ်ကို၊ အုပ်ခြုံစိုးပိုင်တော် မူပြီးထသော၊ ကိလေသမာရ်, ခန္ဓ-မာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်၊ ဤလေးတန်တို့ကို တိုက်လှန်ဖြိုခွဲ၊ အောင်ပွဲယူနိုင်၊ ရဲခေါင်တိုင်သော ကာ-ယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး။

http://www.dhammadownload.com

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း၊ မဖြစ်သေးသော အကုသိုလ်ကံကို တဖန်အသစ် မဖြစ်စေခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ကြီးပွားစည်ပင် စိမ့်သောငှာ လွန်စွာ လုံ့လပြုခြင်းတည်းဟူသော သမ္မပ္ပဓာန်လေးပါး။

ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ တည်းဟူသော ဣန္ဒြေငါးပါး။

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး။

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင် ခုနစ်ပါး။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး။

http://www.dhammadownload.com

ဤသို့အားဖြင့် ပိုင်းခြားတွက်ဖွဲ့၍ သုံးဆယ့်ခုနစ်ရပ် အလွန်မြတ်သော ဗောဓိပက္ခိယ ဓမ္မအကျော် ရဲမက်တော်တို့ကို ကိုယ်ရံတော်ကြီး ဦးစီးဗိုလ်ချုပ်တင်လျက် အသင်္ချေချေ၊ တွက်ရေမဆုံး၊ ပတ်ကုံး ကိလေသာ၊ မာရ်ဗိုလ်ပါတို့ကို၊ ဆံလွှာမကြွင်းအောင်၊ ခုတ်စဉ်း တိုက်သိမ်း၊ အပြီးအောင်မြင်တော်မူသဖြင့် အသင်္ခတ၊ ခေမရွှေဘုံ၊ ဓမ္မာရုံသဘင်၊ မြိုက်နန်းခွင်၌၊ ဦးကင်စွင့်စွင့်၊ ဖွင့်တော်မူပြီးထသော။

(ဂ) လေးအသင်္ချေ၊ လွန်လေတသိန်း၊ အကိန်းများလှ၊ ကပ်ထိုမျှ၌၊ လုံ့လကြိုးပမ်း၊ ဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော၊ ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာပါရမီ၊ ဆယ်လီသုံးစုံ၊ ကုသိုလ်ဟုန်ကြောင့်၊ လူ့ဘုံစံပျော်၊ အလောင်းတော်ဖြစ်ခါကပင်၊ ကာလာဝက,ဂင်္ဂေယျနှင့်,ပဏ္ဍရ,တမ္ဗ,ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန်၊ ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်တက် ဆယ်တက်စီသော အားကိုဆောင်နိုင်သည်ဖြစ်၍ ယောကျ်ား ဗိုလ်ခြေ ကုဋေ တသောင်းတို့၏ ကာယဗလ။ ဌာနာဌာန ကောသလ္လဉာဏ်, ဝိပါကဉာဏ်,သဗ္ဗတ္ထဂါမိနီဉာဏ်, နာနာဓာတုဉာဏ်, အဓိမုတ္တိဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဈာနာဒိသံ-

http://www.dhammadownload.com

ကိလေသဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်တည်းဟူသော ဆယ်ပါးသော ဉာဏဗလကို ရတော်မူသည်ဖြစ်၍။

လူ့ပြည်နတ်ရပ်၊ခေတ်သုံးထပ်ကို၊ အုပ်ကွပ်စိုးပိုင်၊ နိုင်တော်မူခြင်းတည်းဟူသော ဣဿရိယဘုန်းတော်။

လောကုတ္တရာတရား၊ မြတ်ရှစ်ပါးသို့၊ ထင်ရှားစွာ ရောက်ခြင်းတည်းဟူသော ဓမ္မဘုန်းတော်။

နရက်ဘဝဂ်၊ အောက်ထက်ပြန့်လှိုင်၊ သုံးခရိုင်၌၊ အဆုံးတိုင် ကျော်စောတော်မူခြင်းတည်းဟူသော ယသဘုန်းတော်။

သုံးဆယ့်နှစ်ပါး၊ ယမိုက်ထားသော၊ ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရောင်ဝါမြူတေ၊ ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသော သိရီဘုန်းတော်။

အလိုတော်ရှိသမျှ တခဏသာ ပြည့်စုံလာခြင်းတည်းဟူသော ကာမဘုန်းတော်။

နိဗ္ဗာန်ရောက်ရာ၊ ဒေသနာဖြင့်၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတို့ကို၊ ကြည်ဖြူစွာလှ၊ သင်ဆုံးမသောကြောင့်၊ လောကလုံးကိုးကွယ်ရာ၊ ဆရာအဖြစ်သို့၊ ရောက်တော်မူခြင်းတည်းဟူသော ပယတ္တဘုန်းတော်။

http://www.dhammadownload.com

ဤခြောက်ဖော်သော၊ ဘုန်းတော်အမြွက်၊ ဂုဏ်ရဟတ်ဖြင့်၊ လောကဓာတ်အဆုံး၊ ညွတ်ရုံးကြည်သာ၊ ကောင်းချီးပြောလျက်၊ ဘဂဝါဟူသော ဘွဲ့ပုံတော်အထူးဖြင့်၊ ညွတ်နူးကော်ရော်၊ ပူဇော်ချီးပအပ်သည်လည်းဖြစ်ထသော။

(၉) အစုဆသတ၊ ဇာတကကို၊ ပုံပြသက်သေခံလျက် အနန္တဘဝ၊ ဖြစ်သမျှတို့၌၊ မနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဇီဝိတပရိစ္စာဂ တည်းဟူသော စွန့်ခြင်းကြီးငါးအင်ကို မဂ္ဂင်ဖောင်ပုံ့ စံလိုသူ အပေါင်းတို့ထက် ကဲဆောင်းလွန်မြောက်၍ အထောက်မတန်ပြုခဲ့သော ဟေတုသမ္ပဒါ မြတ်သမ္ဘာရကြောင့်။

အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ,ယတ္ထကာမဝသာယိတာဟု၊ ဘာသာမဂဓို့ရ်၊ ရာဇ-ဂြိုဟ်ဥဒါန်းနှင့်အညီ၊ ရံသီနေပြောက်၊ ပြတင်းပေါက်၌၊ မြင်လောက်ရုံသော အဏုမြူပမာ သိမ်မွေ့စွာသော ကိုယ်တော်ကို ဖန်ဆင်းတော်မူနိုင်ခြင်း။

ရေပြင်မြေမိုး၊ ပျံလျှိုးငုပ်လွှား၊ သွားတော်မူနိုင်ခြင်း။

ကြီးစေလိုက၊ မြင်းမိုရ်ပြန်ရာ၊ ထို့ထက်သာ၍၊ စကြဝဠာတိုက်လုံး၊ လွှမ်းဖုံးပတ်လှည့်၊ ကိုယ်တော်ပြည့်အောင် တရှိ ထိုင်တော်မူနိုင်ခြင်း။

မြေထုရေထု၊ နေရှုပဗ္ဗတာ၊ သီလာတောင်ထပ်၊ အတွင်းရပ်တို့ကိုလည်း၊ ကျဉ်းကြပ်ပိတ်ဆည်းခြင်းမရှိ၊ ပကတိ

http://www.dhammadownload.com

ကောင်းကင်၊ ဟင်းလင်းပြင်ကဲ့သို့၊ လျှိုးဝင်ထွင်းဖောက် ကြွရောက်တော်မူနိုင်ခြင်း။

မနောဂိဋ္ဌာန်၊ စိတ်တော်ကြံတိုင်း၊ ကမ္ဘာကမ္ဘ၊ ဟူသမျှ တို့၊ ကုန်ပြီးမြောက်ခြင်း။

သုံးဆယ့်တဘုံ၊ အလုံးစုံကို၊အုပ်ချုပ်စိုးပိုင်တော်မူခြင်း။

လောကီစျာန်ရပ်၊ သမာပတ်တို့ကို၊ မပြတ်ဝင်ကာ၊ လိုတိုင်းပါအောင်၊ လေ့လာတော်မူနိုင်ခြင်း။

သက်မရှိသော ဂိရိဗဟို၊ တောင်မြင်းမိုရ်မှ၊ လိုတော် လိုက်ကာ၊ညွတ်ငိုက်လာခြင်းတည်းဟူသော တန်ခိုးရှစ်ဦး၊ ဘုန်းတော်ထူးဖြင့်၊ အံ့မူးကြီးပိုင်၊ မချီးနိုင်၍၊ တပြိုင်တည် လျက်၊ တပြိုင်ပျက်သော၊ စကြဝဠာတိုက်နေ၊ သိန်း ကုဋေလုံး၊ ရွှေမုဋ္ဌာန်စွမ်း၊ အာဏာရွှမ်း၍၊ ထဲဝမ်းစိမ့်စိမ့်၊ ကြက်သီးဖိမ့်မျှ၊ ခြိမ့်ခြိမ့်ကြွေးကြော်၊ ပူဇော်ကြရာ၊ သုံးရွာလုံးတန်ဆောင်၊ မင်းခေါင်မင်းဖျား၊ မင်းတရား အစစ်လည်းဖြစ်တော်မူထသော။

(၁၀) လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ် ဝယ်၊ အဖန်ဖန်ကပ်ငြိလျက် ဖိစီးနှိပ်စက်တတ်သော ပဉ္စန အနက်။

ကံ,စိတ်,ဥတု, အာဟာရ တည်းဟူသော အကြောင်း တရားလေးပါးတို့သည် ပြုပြင်စီရင်တတ်သော သင်္ခတ အနက်။

http://www.dhammadownload.com

မရောင့်ရဲစွာ သတ္တဝါတို့ကို လောင်ဆာပူပန်စေတတ်သော သန္တာပအနက်။

ဇရာ, မရဏ, သောက, ပဋိသန္ဓေတို့ဖြင့် ဖောက်ပြန်ပျက်စီးတတ်သော ဝိပရိဏာမအနက် တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

အစမထင် သံသရာ၌ လူးလာစုံဆန် အဖန်ဖန်သွားလာခြင်းငှာ အားထုတ်တတ်သော အာယူဟနအနက်။

ဝဋ်ဆင်းရဲ အပေါင်း၏ အကြောင်းမူလ ဖြစ်သော နိဒါနအနက်။

ဝဋ်ဆင်းရဲ၌ အမြဲပျော်ရှင် တဖင်ဖင်ဖြင့် ယှဉ်စေတတ်သော သံယောဂအနက်။

ထွက်မြောက်ကြောင်း မဂ္ဂသစ္စာကို ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

သံသရာဝဋ်မှ ထွက်လွတ်ကူးမြောက်ပြီးသော နိဿရဏအနက်။

ပြုပြင်ရာ သင်္ခါရတို့မှဆိတ်သော ဝိဝေကအနက်။

ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်။

သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်း ချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကို လည်းကောင်း။

http://www.dhammadownload.com

ဝဋ္ဋဒုက္ခအပေါင်းမှ ကောင်းစွာ ထွက်မြောက်တတ်သော နိယျာနိကအနက်။

နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ဟေတုအနက်။

နိဗ္ဗာန်ကို မြင်တတ်သော ဒဿနအနက်။

သစ္စာလေးမျိုးကို အစိုးရသော အဓိပတေယျအနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း။

အကြောင်းအကျိုးအားလျော်စွာ လေးပါးသစ္စာကို ဒဿနာကာရဖြင့် သောဠသ ဝေဖန်၍ ရွှေညဏ်ထင်ထင် ရွှေလက်တင် ပတ္တမြားကဲ့သို့ ပိုင်းခြားသိမြင်တော်မူသည့် အလျောက် အထောက်အခံ ကံညဏ်ကြီးရင့် ပွင့်ထိုက်သောသတ္တဝါ ဝေနေယျာကို ပွင့်ပါစေနှလုံးဖြင့် စွေချုန်းထစ်ကြိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝှန် ရွာဖြန်းသွန်သော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ်လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူပေတတ်သော သုံးရပ်လုံးဆရာ ဒေဝါတိဒေဝိန္ဒ ဗြဟ္မာတိဗြဟ္မိန္ဒ တိဘဝပါရဂူ အဘိဘူ ပါမောက္ခ အနုတ္တရသင်းကျစ် မဟာဓမ္မရာဇ် မြတ်ရှင်ချစ်ကို။ အဟံ၊ ကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ ။

http://www.dhammadownload.com

ကျိုးသဲလေးထပ်ဆရာတော်ကြီး

၏

အစိန္တေယျဘုရားရှိခိုး

(ခက်ဆစ်အဖြေ)

ရေးသူ-ဆရာမာဃ။

(နမော ရတနတ္တယဿ)

အပိုဒ် ၁။

အစိန္တေယျ (ပါဠိ)= မကြံစည်နိုင်သော၊ မကြံစည်ကောင်းသော၊ ကြံစည်ဖို့မသင့်သော(ဂုဏ်)၊ အ+စိန္တေယျ။

အပ္ပမေယျ (ပါ)= မနှိုင်းယှဉ်နိုင်သော၊ နှိုင်းယှဉ်ခြင်းငှာ မထိုက်သော (ဂုဏ်)၊ အ+ပမေယျပုဒ်။

သေဋ္ဌ (ပါ)=မြတ်သော။

ဇေဋ္ဌ (ပါ)=ကြီးသော, မြတ်သော, ချီးမွမ်းအပ်သော (ဂုဏ်)၊ (တနည်း) ချီးမွမ်းအပ်သောကြောင့် မြတ်သော။

အတုလပရမံ (ပါ) အတုလ = အတုမရှိသော+ ပရမံ= ပရမ = မြတ်သော။ အတုမရှိမြတ်သော (ဂုဏ်)။

http://www.dhammadownload.com

(၁) တုလ=တူသော (၂) တုလာတုလ=တူရာတူ, မတူရာမတူသော (၃) အတုလ=အတုမရှိသော ဂုဏ်ရှိသော ပုဂ္ဂိုလ်သုံးမျိုးတို့တွင် အတုမရှိ မြတ်သော ဂုဏ်ရှိသော ပုဂ္ဂိုလ်ဟူလို။

အရဟံ (ပါ)=ထိုက်သော=ပူဇော်အထူးကို ခံတော်မူထိုက်သော (ဂုဏ်)။

(တနည်း) အ=မ,မဲ့, မရှိ+ရဟ=ဆိတ်ကွယ်ရာ (အရပ်)။ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မူခြင်းမရှိသော (ဂုဏ်)ဟူလို။

(တနည်း) အရ=ရန်+ဟ=ဟန=သတ်ဖြတ်ခြင်း၊ တထောင့်ငါးရာ ကိလေသာဟူသော ရန်သူအပေါင်းကို သတ်ဖြတ်တော်မူသော (ဂုဏ်)ဟူလို။

ဤထက် အကျယ်ကို ဝိသုဒ္ဓိမဂ် စသည်၌ ကြည့်နိုင်ပြီ။

ဘဂဝါ (ပါ)=ပုဉ်း (ဘုန်း) တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော (ဂုဏ်)။ ဘုန်းတော် ခြောက်ပါးကို ရှေ့နား၌ ဤဘုရားရှိခိုးမှာပင် တပါးစီ ထုတ်ဖော်ပြထားသည်။

သမ္မာသံဗုဒ္ဓ (ပါ) သမ္မာ = ပစ္စေကဗုဒ္ဓါကဲ့သို့ မဟုတ်ပဲ တရားအားလုံးကို မဖောက်မပြန် ကောင်းမွန်စွာ+သံ=တပည့်သာဝကတို့ကဲ့သို့ မဟုတ်ပဲ ကိုယ်တော်တိုင်+ဗုဒ္ဓ=သိမြင်တော်မူသော (ဂုဏ်)။ ဗုဒ္ဓ၌ ဗုဓဓာတ်

http://www.dhammadownload.com

သည် သိခြင်း, ပွင့်ခြင်း, လားခြင်း, နိုးကြားခြင်းဟူသော အနက်များကို ဟော၏။

ဝိသုဒ္ဓိမဂ်, ပါရာဇိကဏ် စသည်တို့၌ အကျယ်ရှု။

အနုတ္တရ (ပါ)=သာလွန်သူမရှိသော,မြင့်မြတ်သော(ဂုဏ်)၊ အန+ဥတ္တရ(ပါ)အန=မဲ့+ဥတ္တရ=လွန်မြတ်ခြင်း။

မာရဇိ (ပါ) မာရ=မာရ်ငါးပါး+ဇိ= အောင်မြင်တော်မူခြင်း၊ (၁) ဒေဝပုတ္တမာရ် (၂) ကိလေသမာရ် (၃) ခန္ဓမာရ် (၄) မစ္စုမာရ် (၅)အဘိသင်္ခါရမာရ်ဟူသော မာရ်ငါးပါးတို့ကို အောင်မြင်တော်မူသော (ဂုဏ်)။

တြိလောကန္တဂုဏ်=တြိလောကန္တဂုဏ (ပါ) တြိ=သုံးခု+လောက= လောက+အန္တ= အဆုံး+ဂုဏ= ဂုဏ်။ သတ္တလောက, သင်္ခါရလောက, ဩကာသလောက ဟူသော သုံးပါးတို့၏ အဆုံးသို့ ရောက်သော(ဂုဏ်)။

သယမ္ဘုံ=သယမ္ဘူ (ပါ) သယ=မဖောက်မပြန် ကိုယ်တော်တိုင်+ဘူ=ဖြစ်၊ သူတပါးတို့က မသိစေရပဲ မဖောက်မပြန် ကိုယ်တော်တိုင် သိခြင်းဖြစ်သော (ဂုဏ်)။

ဘဝိဿရ (ပါ) ဘဝ=ကာမဘဝစသော ဘဝ+ဣဿရ=အစိုးရခြင်း၊ ဘဝအလုံးစုံကို အစိုးရတော်မူသော (ဂုဏ်)။

အသင်္ချေယ (ပါ)=မရေမတွက်နိုင်သော၊ (အသင်္ချေယာနိ နာမာနိ သဂုဏေန မဟေသိနော—ဟူသည်နှင့်အညီ ဆိုတော်မူခြင်းဖြစ်သည်။

http://www.dhammadownload.com

နာမံ (ပါ)=အမည်တော်။

ဂုဏ်ဝိသိဋ္ဌ=ဂုဏဝိသိဋ္ဌ (ပါ) ဂုဏ=သီလ စသောဂုဏ်+ဝိသိဋ္ဌ =ထူးသော, ကြီးမြတ်သော။ ထူးကဲကြီးမြတ်သော ဂုဏ်အားဖြင့် ဟူလို။

ဇမ္ဗူဒိပ် =ဇမ္ဗူဒီပ (ပါ) ကျွန်းဦး သပြေပင်ဖြင့် မှတ်သားအပ်သောကျွန်း၊ (တနည်း) သပြေပင်ကြောင့် ထင်ရှားသောကျွန်း၊ ဇမ္ဗူ=သပြေပင်+ဒီပ=ကျွန်း။

ဘဝဂ် =ဘဝဂ္ဂ(ပါ) ဘဝ+အဂ္ဂ=ဘဝ၏ အဆုံးဖြစ်သောဘုံ၊

ဘဝဂ် ၃-မျိုးရှိသည်။

(၁) ပုထုဇ္ဇနဘဝဂ်=ဝေဟပ္ဖိုလ်ဘုံ၊

(၂) အရိယဘဝဂ်=အကနိဋ္ဌဘုံ၊

(၃) သဗ္ဗဘဝဂ် = နေဝသညာနာသညာယတနဘုံ။

ဩကာသသုံးရပ်=ဩကာသ (ပါ)=တည်ရာ၊ ကာမဘုံ, ရူပဘုံ, အရူပဘုံဟူသော သတ္တလောက၏ တည်ရာအရပ်။

မဟာကဝိန် = မဟာကဝိန္ဒ (ပါ) မဟာ=ကြီးမြတ်သော+ကဝိ=ပညာရှိ+ဣန္ဒ=အစိုးရခြင်း။ ကြီးမြတ်သော ပညာရှိတို့ကို လွှမ်းမိုးအစိုးရသော ပညာရှိ။

သုခမိန် (ပေါရာဏ)=ပညာရှိ။ "သုခမန" (ချမ်းသာသော စိတ်ရှိသောသူ)ဟု သဒ္ဒါနက်ကြံကုန်၏။

ပညိန္ဒြေ=ပညိန္ဒြိယ (ပါ)=ပညာတည်းဟူသော ဣန္ဒြေ။

http://www.dhammadownload.com

အပိုဒ် ၂။

မကိုဋ်=မကုဋ(ပါ)=အထွတ်အစွန်း၊ ဦးခေါင်း၌ တပ်ဆင်အပ်သော မြတ်သော တန်ဆာလည်းဟူ။

မင်္ဂလာ (ပါ)=ကျက်သရေကို ယူတတ်သော,မကောင်းမှုပယ်ဖြတ်တတ်သော သဘော။

ဤကမ္ဘာ၌=ဤဘုရား ငါးဆူပွင့်ရာ ဘဒ္ဒကမ္ဘာ၌။ ဤကိုရည်၍ "တဆူ-သာရ၊ မဏ္ဍ-နှစ်ဆူ၊ သုံးဆူ-သာရမဏ်၊ လေးတန်-ဝရ၊ ဘဒ္ဒ-ငါးတန်" ဟု ကျွန်ုပ်တို့ဧပ်ဆိုခဲ့ဘူးပြီ။ ကမ္ဘာ=ကပ္ပ (ပါ) သံဝဋ္ဋ....စသောကပ်။ သာရ ... စသောကပ်။ (ကျမ်းဂန်များ၌ အကျယ်ရှိပြီ)။

ပဌမာဒိက (ပါ) ပဌမ+အာဒိက။ ပဌမ=ဦးစွာ+အာဒိက=အစ၌ဖြစ်သော၊ အစနှင့် ယှဉ်သော၊ ကမ္ဘာတည်ဦးအစနှင့် ယှဉ်သော ဟူလို။

ဘူမိပါလ (ပါ) ဘူမိ=မြေ+ပါလ= စောင့်ရှောက်တတ်သော မင်း။ မြေပြင်ရှိ သတ္တဝါတို့ကို စောင့်ရှောက်တတ်သော မင်းဟူလို။

အာဒိစ္စဂိုဏ်း=အာဒိစ္စဂဏ (ပါ) အာဒိစ္စ=နေ+ဂဏ=ဂိုဏ်း (တနည်း)ဂိုဏ်း=ဂဏ (ပါ)=အပေါင်း၊ နေမင်း၏ အမျိုးဖြစ်သော ဂိုဏ်းဟူလို၊ (တနည်း) နေမင်း၏ အမျိုးအပေါင်းဟူလို။ ကမ္ဘာဦးမဟာသမ္မတမင်းမှ အမျိုးမပျက် ဆင်းသက် ဖြစ်ပွားလာကြောင်း ကျမ်းဂန်တို့၌ ပြကုန်၏။ (အာဒိစ္စ ကုလသမ္ဘူတော၊

http://www.dhammadownload.com

သုဝိသုဒ္ဓဂုဏာကရော၊ မဟာနုဘာဝေါ ရာဇာသိ၊ မဟာသမ္မတနာမကော။ သာရတ္ထသင်္ဂဟ အဋ္ဌကထာ စသည်)။

သမ္မုတိဒေဝရာဇ်=သမ္မုတိဒေဝရာဇ (ပါ) သမ္မုတိ=သမုတ် အပ်သော၊ ဤသူကား မင်းပါတည်းဟု-လူအများက ဝိုင်းဝန်းသမုတ်အပ်သော + ဒေဝ=နတ် +ရာဇ= မင်း။ ပုဒ်၌ ခွဲ၍ သမ္မုတိအရ ကပ်ဦးမဟာသမ္မတကို ယူပြီးလျှင် ဒေဝရာဇာအရ မင်းမြတ်ဟူသော အနက် ကို ယူနိုင်ပါ၏။ "ဒေဝ" သဒ္ဒါသည် ဘုရင်မင်းဟူ သော အနက်ကိုလည်း ဟောသေး၏။

ဇာတိမဟတ္တတာ (ပါ) ဇာတိ=အမျိုးဇာတ်+မဟတ္တတာ= ကြီးမြတ်သည်၏အဖြစ်။ အမျိုးအားဖြင့် ကြီးမြတ် သော ဂုဏ်ဟူလို၊

သုံးဘုံရပ်=ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ အားဖြင့် သုံးပါး။

ပုညမဟတ္တတာ (ပါ) ပုည=ပုန်း=ဖုန်း=ဘုန်း+မဟတ္တတာ =ကြီးမြတ်သော အဖြစ်။ ဘုန်းအားဖြင့် ကြီးမြတ် သော ဂုဏ်ဟူလို။

ဝသုန်=ဝသုန္ဓရာ (ပါ) ဝသု=ရတနာ+ဓရ=ဆောင်ခြင်း၊ ရတနာအပေါင်းကို ဆောင်တတ်သော မြေ။

သေလာ (ပါ) သေလာ=ကျောင်တောင်။

အဏ္ဏဝါ (ပါ)=ပင်လယ်။ ကဗျာဖြစ်၍ "အဏ္ဏဝ"ကိုပင် "အဏ္ဏဝါ"ဟု ဆိုသည်။

http://www.dhammadownload.com

ဂုဏမဟာဘူတာ (ပါ)=ဂုဏ်အားဖြင့် ကြီးမြတ်သောအဖြစ်။
အပ္ပဋိပုဂ္ဂိုလ်=အပ္ပဋိပုဂ္ဂလ (ပါ)=မနှိုင်းယှဉ်နိုင်သော=မနှိုင်းယှဉ်အပ်သော ပုဂ္ဂိုလ်။

အပိုဒ် ၃။

ချက်ဗွေ(ပေါရာဏ)=အလယ်တည့်တည့်။ ချက်သဒ္ဒါ, ဗွေသဒ္ဒါ တခုစီလည်း အလယ်ဟူသော အနက်ကို ရသည်သာ တည်း၊ (ဗွေ-ဣတိ အလယ်ယေဝ-ဟူသည်ကို ထောက်။)

ဘူမိ (ပါ)=မြေ။

အပရာဇိ=အပရာဇိတ(ပါ)=မာရ်နတ်စသောသူတပါးတို့သည် မအောင်အပ်သော။ သူတပါးတို့သည် အရှုံးခံရသော။

ညောင်မဏ္ဍိုင်=ဗောဓိမဏ္ဍိုင်ဟူလို။ ဗောဓိမဏ္ဍိုင်=ဗောဓိမဏ္ဍလ (ပါ) ဗောဓိသဒ္ဒါ၏ အနက်များစွာတို့တွင် ဤနေရာ၌ "ညောင်ဗုဒ္ဓဟေ"ဟု ခေါ်သော သစ်ပင်ဖြင့် တန်ဆာဆင်အပ်သော အရပ်ဟူသော အနက်ကို ဖွင့်သည့် ကျမ်းစကားကို ယူလိုရိပ်ရှိ၏။ သဗ္ဗညုတဉာဏ်၏ ကြည်လင်ရာအရပ်ဟူသော အနက်ကို ကျမ်းဂန်တို့၌ အဖွင့်များ၏။ (ဗောဓိရုက္ခေန မဏ္ဍိယတိ အလင်္ကရိယတီတိ ဗောဓိမဏ္ဍော။ တနည်း— ဗောဓိမဏ္ဍတိပသီဒတိ ဧတ္ထာတိ ဗောဓိမဏ္ဍောဟု ပြု။)

ကာမလောကဓာတ်=ခုနစ်ရပ် အရ ကာမသုဂတိ ခုနစ်ဘုံဟူလို၊ လူဘုံနှင့် ကာမာဝစရ နတ်ပြည်ခြောက်ထပ်ကို

http://www.dhammadownload.com

"ကာမသုဂတိ ခုနစ်ဘုံ" "ကာမလောကဓာတ် ခုနစ်ဘုံ"ဟု ခေါ်လေ့ရှိသည်။ ကာမာဝစရ နတ်ပြည် ခြောက်ထပ်ဟူသည်ကား (၁)စတုမဟာရာဇ်(၂)တာဝတိံသာ(၃)ယာမာ(၄) တုသိတာ (၅) နိမ္မာနရတိ (၆)ပရနိမ္မိတဝသဝတ္တီတို့ပင်တည်း။

မေခလာဂိရိ=ဂိရိမေခလာ(ပါ)=တောင်တရှိမျှဟုဆရာတော်ကြီးပင် တဆက်တည်း အနက်ဖော်ထားပြီ။

ပြောင်ကြီးသနင်း=ဆင်ပြောင်ကြီး၏ **အရှင်သခင်ဖြစ်သော** မင်း၊သနင်း(ပေါရာဏ)=မင်း အရှင်သခင်။

ကံသမ္ဘာရှိန်=ကုသိုလ်ကံတည်းဟူသော အဆောက်အဦ အရှိန်။သမ္ဘာ=သမ္ဘာရ (ပါ) =အဆောက်အဦ။ (ပါဠိမှဆင်းသက်လာသောပုဒ်များ နောက်နား၌ အကျယ်ပါမည်။)

စရဇိန်=ဝဇိရ (ပါ) ဝဇြ (သင်္သကရိုက်)=**သိကြားမင်း၏ စိန်လက်နက်**(နှင့်တူစွာ အလျှံပြောင်လက်သော ဘုန်းတော်ရောင်)ဟူလို။

ကိလေသာစက် သုံးထောင်ဝက်=ကိလေသာ **တထောင့်ငါးရာ** ဟူလို။"ခုနစ်ဆယ်ငါး၊ရုပ်, နာမ်**ထား**၍၊ နှစ်ပါးဆယ်ထွေ၊ **မြှောက်ပွား**လေသော်၊ ကိလေသာ**စက်**၊သုံးထောင်ဝက်ကား။(ကိုးခန်း)

အာနာပါနာ၊ဘာဝနာ=အာနာပါနဘာဝနာ (ပါ)= ထွက်သက်,ဝင်**သက်**ကို မှတ်၍ ဆင်ခြင်ပွားများမှု။

http://www.dhammadownload.com

ရူပါဝစရ (ပါ) =ရူပါဝစရစျာန်စိတ်။ (အကျယ်မပြသာပြီ။)

အရူပါဝစရ(ပါ)=အရူပါဝစရစျာန်စိတ်။(အကျယ်မပြသာပြီ။)

စတုက္ကသမာပတ်=စတုက္ကသမာပတ္တိ(ပါ)=လေးပါးမျှရှိသော သမာပတ်။ သမာပတ္တိ(ပါ)သမ္မာပဇ္ဇတီတိ သမာပတ္တိ- ဟူသည်နှင့်အညီ ကောင်းစွာ ရောက်ခြင်းဟူသော အနက်ကို ယူ၊ ဝင်စားသောအားဖြင့် ဉာဏ်သို့ ထင်လာအောင် ရောက်မှုဟူလို၊ ဝင်စားခြင်းဟု ပညတ်နက်ပြန်လေ့ရှိကြ၏၊ (စတုက္ကနည်း ရူပစျာန်လေးရပ်စသည်ကို အပိုဒ် ၇-၌ ရှုပါ။)

အာဝဇ္ဇနဝသီ (ပါ) နေခြင်းသည်"ဝသ"မည်၏။ နေခြင်းဟူသော အစွမ်းသတ္တိသည် "ဝသ"မည်၏ဟူလို။ ထိုနေနိုင်စွမ်းရှိသူသည် "ဝသီ"မည်၏၊ နေနိုင်စွမ်းရှိသော အလေ့သည်ပင် "ဝသီ"မည်၏။ (ဝသနံ ဝသီ၊ တနည်း-ဝသနံ ဝသော။ ဝသော ဧတဿ အတ္ထီတိ ဝသီ-ဟုပြု) အာဝဇ္ဇန= ဆင်ခြင်မှု+ဝသီ=နေလေ့ရှိသော အစွမ်း။

သမာပဇ္ဇနဝသီ (ပါ) သံ=အဖန်ဖန်+အာဝဇ္ဇ=ဆင်ခြင်မှု+ဝသီ=နေလေ့ရှိသော အစွမ်း။ အဖန်ဖန်ဆင်ခြင်မှု၌ နေလေ့ရှိသောအစွမ်း။(သမာပဇ္ဇနေ ဝသီ သမာပဇ္ဇန- ဝသီ)

အဓိဋ္ဌာနဝသီ (ပါ) အဓိဋ္ဌာန=ဆောက်တည်မှု+ဝသီ=နေလေ့ရှိသော အစွမ်း။ (ဘဝင်ကို လွှမ်းမိုး၍ စျာန်စိတ်၏ တည်နိုင်စွမ်း–ဟူလို။)

http://www.dhammadownload.com

ဝုဋ္ဌာနဝသီ(ပါ)ဝုဋ္ဌာန=ထမှု+ဝသီ=နေလေ့ရှိသော အစွမ်း ဈာန်မှ ထမှု၌နေလေ့ရှိသော အစွမ်း။

ပစ္စဝေက္ခဏာဝသီ (ပါ) ပတိ=အဖန်တလဲလဲ+ဣက္ခန=ရှုစားမှု+ဝသီ=နေလေ့ရှိသော အလေ့။ (ပစ္စဝေက္ခဏော ဝသိတာနာမ အာဝဇ္ဇန ဝသိတာယ ဧဝ သိဒ္ဓါ-ဟု ကျမ်းဂန်၌ ဖွင့်၏)။ အကျယ်မပြသာပြီ။

ခန္ဓာ (ပါ)=အစုငါးပါးသော အစု၊ ရူပက္ခန္ဓာစသော အစု ငါးပါး။

ပရမတ်=ပရမတ္ထ (ပါ) ပရမတ်=မြတ်သော၊ မဖောက်မပြန်သော+အတ္ထ=အနက်သဘော။ (တနည်း) မဖောက်ပြန်သောကြောင့် မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာအာရုံ ဟူလို။

ဝသီဘော်= ဝသီဘောဝ်=ဝသီဘာဝ (ပါ) ဝသီ=ဖြေခဲ့ပြီ+ဘာဝ=အဖြစ်။

ပညတ်=ပညတ္တိ (ပါ) ပ=အပြားအားဖြင့်+ဉတ္တိ =သိစေအပ်(တတ်)သော အမည်။ (ပကာရေန ဉာပိယတီတိ ပညတ္တိ။ တနည်း-ပညာပေတီတိ ပညတ္တိ ဟုပြု)။

ပုဗ္ဗေနိဝါသဉာဏ်=ပုဗ္ဗေနိဝါသာနုဿတိဉာဏ (ပါ) ပုဗ္ဗေ=ရှေး၌+နိဝါသ= နေထိုင်ခဲ့သည်တို့ကို+ အနုဿတိ=အောက်မေ့ခြင်းကို ပြုမှု။(ပုဗ္ဗေနိဝါသာနံ အနုဿရဏံ ပုဗ္ဗေနိဝါသာနုဿတိ) ထိုပုဗ္ဗေနိဝါသဉာဏ်ကို ထိုဆရာတော်ကြီးပင် ရေးသားသည့် ဇိနတ္ထပကာသနီ၌—

မိမိသန္တာန်,သူတပါးသန္တာန်၌ ဖြစ်ဘူးသော ခန္ဓာ

http://www.dhammadownload.com

အစဉ့်,အမည်, အမျိုး, အကျိုးအကြောင်း, ပြောင်းဟန်-ပြန်ဟန်ကို မကျန် ကုန်စင်သဖြင့် မြင်တော်မူနိုင်သော "ပုဗ္ဗေနိဝါသ" "အတီတံသ" မည်သော "ပဌမဝိဇ္ဇာဉာဏ် "ကို ညဉ့်ဦးယာမ်၌ ရတော်မူ၏ဟု ဖွင့်ပြတော်မူ၏။

ဝေနေယျ (ပါ)=ချွတ်ထိုက်သော သတ္တဝါ၊ ကျွတ်ထိုက်သော သတ္တဝါ။ (ဝိနေယျဟုလည်း ရှိ၏။)

ကမ္မ(ပါ)=ကုသိုလ်,အကုသိုလ်ဟူသော ကံ။ ကမ္မနိမိတ်လည်း ဟူ။

ဂတိ(ပါ)=ဂတိငါးပါး၊ အလားငါးမျိုး၊ လူ့ဘဝအလား,နတ်အလား, တိရစ္ဆာန်အလား,ပြိတ္တာအလား,ငရဲအလား ဟူသော ငါးပါး။ (မနုဿ, ဒေဝ, တိရစ္ဆာန, ပေတ, နိရယဟူ၍ ပါဠိ၌ ခေါ်သည်၊ အကျယ်မပြသာ။)

စုတိ (ပါ)= ရွေ့လျောခြင်း=သေခြင်း။ (စဝနံ စုတိ-ပြု။)

ပဋိသန်=ပဋိသန္ဓိ (ပါ) ပဋိ=အဖန်တလဲလဲ+သန္ဓိ=စပ်ခြင်း။ တဘဝနှင့် တဘဝစပ်ခြင်းသဘောတရား၊ 'ပဋိသန္ဓေ' ဟု ပါဠိပျက် သုံးလေ့ရှိကြ၏။

ဒူရ (ပါ)= ဝေးသော။

ပဋိစ္ဆန္န (ပါ)=ဖုံးကွယ်သော၊ ကွယ်ကာသော။

သဏှ (ပါ)=သိမ်မွေ့သော။

သုခုမ (ပါ)=နူးညံ့သော။

http://www.dhammadownload.com

ရူပါရုံ=ရူပါရမ္မဏ(ပါ) = အဆင်းတည်းဟူသော စိတ်၏ ပျော်မွေ့ရာ။

ဒိဗ္ဗစက္ခုဉာဏ်=ဒိဗ္ဗစက္ခုဉာဏ (ပါ) ဒိဗ္ဗ=နတ်တို့၏ ဥစ္စာဖြစ်သော+စက္ခု=မျက်စိ အကြည်ဓာတ်+ဉာဏ=အသိ။ နတ်တို့၏ ဥစ္စာဖြစ်သော မျက်စိအကြည် (ကဲ့သို့) သိမြင်မှု ဟူလို။ (ဒိဗ္ဗာနံ ဣဒံ ဒိဗ္ဗံ၊ ဒိဗ္ဗာနံ စက္ခု ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုဝိယာတိ ဒိဗ္ဗစက္ခု-ပြု) "ယထာကမ္မူပဂအနာဂတံသဉာဏ်"ဟူသည်မှာလည်း ဤဒိဗ္ဗစက္ခုဉာဏ်ပင်တည်း။ (ယထာကမ္မူပဂဉာဏန္တိ ဒိဗ္ဗစက္ခုဉာဏမေဝ၊ဇိနာလင်္ကာရ။ ၂၆၄) ပရိကံ သီးခြားမရှိ။ (န ဟိ တေသံ ဝိသုံ ပရိကမ္မံ အတ္ထိ-ဋီကာကျော်။) "စုတူပပါတဉာဏ်" လည်း ခေါ်၏။ (ဇိနာလင်္ကာရ။)

ဩဃ (ပါ)=နစ်မွန်းစေတတ်သော ရေအလျဉ်နှင့် တူသော တရား၊ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ,အဝိဇ္ဇောဃ ၄-ပါး။

အာသဝ(ပါ)=ရှည်မြင့်စွာ ထုံအပ်သော မုဒရက် (စပျစ်)သီးကဲ့သို့ သဘောတရား၊ (တနည်း)အမာမှ ယိုစီးသော သွေးပြည်ကဲ့သို့သော သဘောတရား၊ (တနည်း) ဘုံအားဖြင့်ဘဝဂ်, တရားအားဖြင့် ဂေါတြဘူတိုင် ဖြစ်တတ်သော သဘောတရား၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ ၄-ပါး။

ယောဂ (ပါ) =ယှဉ်ခြင်း၊ ဝဋ်ဆင်းရဲဘဝတည်းဟူသော ယန္တရားၙ၌ ယှဉ်စေတတ်သော သဘောတရား၊

http://www.dhammadownload.com

ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာ-ယောဂ ၄-ပါး။

ဂန္ထ (ပါ)= ရစ်ပတ်ထုံးဖွဲ့ခြင်း။ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ဝဋ်ဆင်းရဲ၌ စပ်တတ်သောတရား။ (အဋ္ဌကထာ အလို)။ (တနည်း)နာမကာယနှင့် ရူပကာယ, ပစ္စုပ္ပန် ကာယနှင့် အနာဂတ်ကာယကို ဖြေနိုင်ခက်အောင် ရစ်ပတ် ထုံးဖွဲ့တတ်သော တရား (ဋီကာအလို)။ အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒကာယဂန္ထ, သီလဗ္ဗတ-ပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ အားဖြင့် ၄-ပါး။

ဥပါဒါန်=ဥပါဒါန (ပါ) ဥပ= ပြင်းစွာ+အာဒါန=ယူခြင်း၊ ဖားကို မြွေခဲသကဲ့သို့ အာရုံကို ပြင်းစွာစွဲလမ်းတတ် သော သဘော၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု-ပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် လေးပါး။

နီဝရဏ(ပါ)=ပိတ်ပင်ခြင်း၊ဈာန်, ဝိပဿနာ, မဂ်စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ကုသိုလ်စိတ်ကို ပိတ်ပင် တားဆီးတတ်သော သဘော။ (တနည်း)ပညာမျက်စိ ကို ပိတ်ပင်တတ်သော သဘော။ ကာမစ္ဆန္ဒ နီဝရဏ, ဗျာပါဒ နီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ, အဝိဇ္ဇာနီဝရဏ, ဝိစိကိစ္ဆာနီဝရဏအားဖြင့်။ (နီ-ရှေး, အာ-ရှေး, သံ-ရှေးရှိသော "ဝရ" ဓာတ် သည် ပိတ်ပင်ခြင်းကို ဟော၏၊ ဝိ-ရှေးရှိလျှင် ဖွင့် ခြင်းဟောဖြစ်၏။)

http://www.dhammadownload.com

အနုသယ (ပါ) အနု=အဖန်တလဲလဲ+သယ=သယန= ကိန်းခြင်း၊ အဖန်ဖန်တလဲလဲ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ်သော သဘော၊ကာမရာဂါနုသယ, ဘဝရာ-ဂါနုသယ, ပဋိဃာနုသယ,မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယအားဖြင့် ၇-ပါး။

သံယောဇဉ်=သံယောဇန (ပါ)=သတ္တဝါတို့ကို သံသရာဝဋ္ဋ်ဆင်းရဲ၌ နှောင်ဖွဲ့တတ်သော သဘောတရား။ ကာမရာဂ, ရူပရာဂ,အရူပရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, သီလဗ္ဗ-တပရာမာသ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ,အဝိဇ္ဇာသံယောဇဉ် အားဖြင့် ၁၀-ပါး၊ (ဤကား သုတ္တန်နည်း) အဘိ-ဓမ္မာနည်း သံယောဇဉ် ၁၀-ပါး ရှိသေး၏။

ကိလေသာ (ပါ)=စိတ်၏ ပူပန်ကြောင်းဖြစ်သော တရား၊ (တနည်း) စိတ်ကို ပူပန်စေတတ်, နှိပ်စက်တတ်သော **သဘော**၊ (ကိလေသာထောင့်ငါးရာပြခဲ့ပြီ။)

အရဟတ္တမဂ္ဂ(ပါ)=ပူဇော်အထူးကို ခံထိုက်သော၊ ဝါ-ကိလေ-သာ ဟူသော ရန်သူတို့ကို သတ်တတ်သော၊ ဝါ-သံသရာစက်၏ အကန့်ကို ဖျက်ဆီးတတ်သော၊ဝါ— မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာမရှိသော ရဟန္တာပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော အရဟတ္တဖိုလ် ၏ အကြောင်းဖြစ်သောမဂ်စိတ်နှင့် ယှဉ်သောဉာဏ်။

အာသဝက္ခယ (ပါ) အာသဝ=အာသဝတရားပြခဲ့ပြီ+ခယ =ကုန်ခန်းခြင်း၊ဉာဏ်=ဉာဏ (ပါ)=အသိ(**အကျယ်** မပြသာ။)

http://www.dhammadownload.com

ဝိဇ္ဇာ (ပါ)=သိခြင်း၊ (ဝိဒ=ဉာဏေ) နောက်ကဆိုခဲ့သော (၁) ပုဗ္ဗေနိဝါသဉာဏ် (၂) ဒိဗ္ဗစက္ခုဉာဏ် (၃)အာသဝက္ခယဉာဏ် သုံးပါးသည်ပင် ဝိဇ္ဇာ ၃-ပါး မည်၏။ ဤကား ဝိနည်း၌လာသောနည်း—ဟု ဇိနာလင်္ကာရ၌ ဆို၏။

ခွဲစိတ်ပြသော်၊ ဝိဇ္ဇာရှစ်ပါး=ဟူသော စကားအရ (၁) ဝိပဿနာဉာဏ် (၂) မနောမယိဒ္ဓိဉာဏ် (၃) ဝိကုဗ္ဗနိဒ္ဓိဉာဏ် (၄) ဒိဗ္ဗသောတဉာဏ် (၅) ပရစိတ္တဝိဇာနနဉာဏ် (၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၇) ဒိဗ္ဗစက္ခုဉာဏ် (၈) အာသဝက္ခယဉာဏ်အားဖြင့် ၈-ပါးတို့ကို ယူ။ (အကျယ်မပြသာ။)(ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ)

သယမ္ဘူ (ပါ)=ဖြေခဲ့ပြီ။

တမွတ် (ပေါရာဏ)=အထွတ်အမြတ်။

အပိုဒ် ၄။

ပစ္စေကဗုဒ္ဓါ (ပါ) ပစ္စေက=သီးခြား+ဗုဒ္ဓါ=ဘုရား။ သီးခြားပွင့်သော ဘုရားငယ်တမျိုး။

စေနေယျ (ပါ)=ဖြေခဲ့ပြီ။

အာသယ (ပါ)=အလို။ အဇ္ဈာသယ။

အာသယာနုသယ (ပါ) အာသယ=အလိုဆန္ဒ၊ တည်ရာ အနုသယ=အဖန်ဖန် ကိန်းဝပ်နေသော **တရား**၊(အနုသယ ၇-ပါးပြခဲ့ပြီ။)

http://www.dhammadownload.com

ဣန္ဒြိယပရောပရိယတ္တိ (ပါ)=သဒ္ဓိန္ဒြေစသော၊ ဝါ-ထက်သော ဣန္ဒြေစသော၊ ဣန္ဒြေတို့၏ အနုအရင့်ကို ထောက်ချင့် သိစွမ်းနိုင်သောဉာဏ်။

သဗ္ဗညုတ (ပါ) သဗ္ဗ=အလုံးစုံ+ညုတ=သိမြင်မှု။ တရားရှိသမျှ သိမြင်သောဉာဏ်။ သိစွယ်ရှိသမျှကို သိသော ဉာဏ်။

သင်္ခါရ (ပါ)=ပြုပြင်စီရင်ခြင်း၊ ပြုပြင်မှု မကင်းသော တရား။

ဝိကာရ (ပါ)=အထူးထူး အပြားပြားသော အခြင်းအရာ။

လက္ခဏ (ပါ)=မှတ်ကြောင်းဖြစ်သော သဘော၊ ဝါ-လက္ခဏ ရုပ်လေးပါး။

နိဗ္ဗာန်=ဖြေပြီး။

ပညတ်=ဖြေပြီး။

ဉေယျဓံ=ဉေယျဓမ္မ(ပါ)=သိအပ်သိထိုက်သမျှတရား။

အနာဝရဏ (ပါ) အန=မ,မဲ့,မရှိ+အာဝရဏ=ဆီးတားပိတ်ပင်ခြင်း။ တစုံတခုသော တရားသည်လည်းကောင်း, တစုံတဦးသော ပုဂ္ဂိုလ်သည်လည်းကောင်း ပိတ်ပင်ခြင်းငှာ မစွမ်းနိုင်သော အသိဉာဏ်။

ဇိနာလင်္ကာရ၌ အနာဝရဏဉာဏ်သည် စင်စစ်တရားအားဖြင့် သီးခြား မရှိပဲ သဗ္ဗညုတဉာဏ်ပင် ဖြစ်သည်ဟု-ဆို၏။ သဒ္ဓိန္ဒြိယနှင့် သဒ္ဓါစေလသည်ကဲ့သို့ ကွဲပြားပုံမျိုးသာ ဖြစ်သည်-ဟု ဆို၏။

http://www.dhammadownload.com

ယမကပါဋိဟာရိယ (ပါ) ယမက=အစုံ+ပါဋိ=ပဋိ=ဆန့်ကျင်ဘက် + ဟရ = ပယ်ခြင်း။ ပယ်သောအားဖြင့်ဆောင်ခြင်း၊ ဘုရားရှင်၏ ဆန့်ကျင်ဘက်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကိလေသာတို့ကို။ (တနည်း) မြတ်စွာဘုရား သာသနာတော်၏ ဆန့်ကျင်ဘက် တိတ္ထိတို့ကို ပယ်တတ်သော 'ဣဒ္ဓိဝိဓ'ဉာဏ်သည် ပါဋိဟာရိယမည်၏။ ယမက-ကား ရေနှင့် မီးအစုံဟူလို။ ယမကကိုပင် ယမိုက်၊ ပါဋိဟာရိယကို ပြာဋိဟာဟု သင်္ကရိုက်ဆန်ဆန်ဆိုသည်။ ဣဒ္ဓိ, အာဒေသနာ, အနုသာသနီဟု ပါဋိဟာရိယ ၃-ပါးရှိသည်၊ (အကျယ်မပြသာ။)

မဟာကရုဏာသမာပတ္တိ (ပါ) မဟာ = ကြီးမြတ်သော+ကရုဏာ=သနားခြင်း+သမာပတ္တိ=ဖြေခဲ့ပြီ။

ဆ,အသာဓာရဏ (ပါ) ဆ=ခြောက်ပါး+အ=မ+သာဓာရဏ = ဆက်ဆံခြင်း၊ ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မဆက်ဆံသော ဉာဏ်တော်ခြောက်ပါးဟူလို။

ဉေယျံ=ဉေယျဓမ္မ (ပါ)=သိထိုက်သမျှတရား။

သမန္တာ (ပါ)=ထက်ဝန်းကျင်။

ပသာဒစက္ခု (ပါ) ပသာဒ=မျက်စိအကြည်+စက္ခု=မျက်စိ။ "မံသစက္ခု"လည်း ခေါ်၏။

ဉာဏစက္ခု(ပါ)=ဉာဏ်မျက်စိ။ ပုဗ္ဗေနိဝါသာနုဿတိစသော ဉာဏ်သည် ဉာဏစက္ခုမည်၏။

http://www.dhammadownload.com

ဒိဗ္ဗစက္ခု(ပါ)=အလင်းကို ဖြစ်စေတတ်သော အဘိညာဉ်နှင့် တကွဖြစ်သော ဉာဏ်မျက်စိဟူလို။

ဗုဒ္ဓစက္ခု (ပါ)=ဘုရား မျက်စိ၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်သည် ဗုဒ္ဓစက္ခုမည်၏။

သမန္တစက္ခု (ပါ)=သဗ္ဗညုတဉာဏ်။

အပိုဒ် ၅။

ပလ္လင်=ပလ္လက် (ပါ)=ထိုင်ရန်နေရာ။ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်လျက် ၇-ရက်လုံး အပရာဇိတ ရွှေပလ္လင်၌ ၇-ရက် သီတင်းသုံးတော်မူရာဌာန။

အနိမိသ (ပါ)=မမှိတ်ခြင်း၊ သဗ္ဗညုတဉာဏ်ကိုရရာ ဗောဓိပင်နှင့် ရွှေပလ္လင်အား ၇-ရက်လုံး မမှိတ်သော မျက်စိဖြင့် ရှုရာဌာန။

စင်္ကမ (ပါ)=စင်္ကြံ။ အရှေ့, အနောက် အတောင် ခြောက်ဆယ်ရှိသော စင်္ကြံကို ဖန်ဆင်း၍ ၇-ရက်ပတ်လုံး စင်္ကြံ ကြွရာဌာန။

စတုတ္ထသတ္တာဟ(ပါ) = စတုတ္ထ=လေးခုမြောက်+ သတ္တ= ခုနစ်+အဟ=နေ့ရက်။ နတ်ဖန်ဆင်းသည့် ရတနာ ၇-ပါးဖြင့် ပြီးသော အိမ်တော်ရှိ ပလ္လင်တော်ဝယ်၇-ရက် လုံး သီတင်းသုံးလျက် အဘိဓမ္မာ (အထူးအားဖြင့်) ပဋ္ဌာန်းကျမ်းသဘောကို ဆင်ခြင်တော်မူရာဌာန။

http://www.dhammadownload.com

အဘိဓမ္မာ (ပါ) အဘိ=ထူးသော, လွန်သော+ဓမ္မ=တရား၊ သုတ္တန်ထက် ထူးလွန်သော တရား။

ပဋ္ဌာန်း=ပဋ္ဌာန (ပါ) ပ=အထူးထူး အပြားပြားသော ပစ္စည်းတရား+ဌာန=တည်ရာ။

ဝဋ္ဋ(ပါ)=စကြာ့ဝဋ္ဋ စသော ခြောက်ပါး၊

ပသာဒ(ပါ) =စက္ခုပသာဒ စသော အကြည်ဓာတ်ငါးပါး။

ဣန္ဒြေ (ပါ)=စက္ခုန္ဒြေစသော ဣန္ဒြေ ၆-ပါး။ (ပသာဒိန္ဒြေ-၌ ပသာဒ+ဣန္ဒြေဟု ဖြတ်။)

နီလ (ပါ)=ညိုသော။

ပီတ (ပါ)=ရွှေသော။

လောဟိတ (ပါ)=နီသော။

ဩဒါတ (ပါ)=ဖြူသော။

မဉ္ဇိဋ္ဌ (ပါ)=အရောင်နီမောင်းသော။

ပဘဿရ (ပါ)=ပြိုးပြိုးပြက် တလက်လက်တောက်ပသော။

ဂီဝါ=စာမီကရ, သာတကုမ္ဘ, ဇမ္ဗုဒန, သိင်္ဂီဟူသော ရွှေမျိုး လေးပါးတို့တွင် "စာမီကရ" ခေါ် "ဂီဝါ" ပန်းပွင့် အဆင်းနှင့် တူသောရွှေ။

ဗိမာန်=ဝိမာန (ပါ) ဝိ = ကင်း+မာန = နှိုင်းယှဉ်ခြင်း၊ ကင်းသော နှိုင်းယှဉ်ဖွယ်ရှိသော အရာ။အမရကောသ အလို အထူး နှိုင်းယှဉ်အပ်သောအရာ၊ လဗိမာန်, နေဗိမာန်ဟူလို။

http://www.dhammadownload.com

အပိုဒ် ၆။

ပရဗိုဇ်=ပရိဗ္ဗာဇက(ပါ) = သာသနာမှ အပဖြစ်သော ရဟန်းတမျိုး။

တက္ကတွန်း=များသော အကြံအစည်ရှိသော လူယုတ်မျိုး၊ (တနည်း)ယုတ်သော အယူရှိသော ရဟန်းတမျိုး။ တွန်း= ဒွန်း=ညှမ်း= ယုတ်သော အမျိုးတမျိုး။ (ရဟန်း, ရသေ့သိသာပြီ။)

မုနေ့=မုနိ (ပါ)=တရားကို သိတတ်သူ၊ (တနည်း) တရားကို သိတတ်သော ဉာဏ်ရှိသူ၊(မောနံ ဝုစ္စတိ ဉာဏံ-ဟု ဖွင့်ကြ၏။)

အရည်း(ပေါ)=ရဟန်း။အရည်း=အရိယမှ ဆင်းသက်လာသော စကားဖြစ်သည်။သင်္ကရိုက်၌ ''အာရယ'' ရှိသည်။

ဦးပြည်း=ခေါင်း၌ ဆံပင်ပြောင်စင်နေသူ၊ ခေါင်းတုံးထားလေ့ရှိသော ရသေ့, ရဟန်းဟူလို။(မုဏ္ဍက)

တာပသီ=တာပသ (ပါ)တပဿီ (သင်္ကရိုက်)= ရသေ့။ သီလအကျင့်လျှင် တည်ရာရှိသူဟု ဆိုလို၏။

ဗေရာဂီ=ရသေ့ ယောဂီတမျိုး။

ဝါဒီ (ပါ)=အယူရှိသူ၊ ဆိုလေ့ရှိသူ၊ ဝါဒရှိသူ။

စရိုက်ဘာဝ=စရိတဘာဝ (ပါ) စရိတ = စရိုက်၊ အလေ့အလာ၊ အကျင့်+ဘာဝ=အဖြစ်။

http://www.dhammadownload.com

သာသနပဗ္ဗာဟိ=သာသနပဗ္ဗာဟိရ (ပါ)=သာသနာတော်မှ အပဖြစ်သော။

အဓိသီလ (ပါ) အဓိ = ထူးကဲသော၊ လွန်မြတ်သော+ သီလ=အကျင့်၊ဆောက်တည်ထိန်းသိမ်းမှု။

အာပတ်ခုနစ်ပုံ= ဝိနည်းတော်လာ အာပတ် ၇-ပုံ။ (၁) ပါရာဇိက အာပတ်တပုံ (၂) သံဃာဒိသေသ အာပတ်တပုံ (၃) ထုလ္လစ္စည်းအာပတ်တပုံ (၄) ပါစိတ် အာပတ်တပုံ (၅) ပါဋိဒေသနီအာပတ်တပုံ (၆) ဒုက္ကဋ်အာပတ်တပုံ (၇) ဒုဗ္ဘာသိအာပတ်တပုံအား ဖြင့် ၇-ပုံဖြစ်၏။ (အကျယ်မပြသာပြီ။)

ပါတိမောက္ခသံဝရ (ပါ) ပါတိ = စောင့်တတ်သူ+မောက္ခ =ဆင်းရဲမှ လွတ်စေတတ်သော အကျင့်+သံဝရ = စောင့်စည်းခြင်း။ (ပါတိရက္ခတီတိ **ပါတိ**+ဒုက္ခေဟိ မောက္ခတိ မောစယတီတိ မောက္ခော+သောယေဝ သံဝရော ပါတိမောက္ခသံဝရောပြု။)

ဣန္ဒြိယသံဝရ (ပါ)= စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံအောင် စောင့်စည်းမှု။

အာဇီဝ ပါရိသုဒ္ဓိ သီလ (ပါ) အာဇီဝ = အသက်မွေးခြင်း +ပါရိသုဒ္ဓိ = ထက်ဝန်းကျင်မှ စင်ကြယ်ခြင်း၊ ဝါ-အ လွန်စင်ကြယ်ခြင်း+သီလ=အကျင့်။ (ပရိသုဇ္ဈတီတိ ပါရိသုဒ္ဓိ၊ အာဇီဝေါယေဝ ပါရိသုဒ္ဓိ **အာဇီဝပါရိ-** သုဒ္ဓိ။ (တနည်း) ပရိသုဇ္ဈန့် ပါရိသုဒ္ဓိ၊ **အာဇီဝဿ** ပါရိသုဒ္ဓိ အာဇီဝပါရိသုဒ္ဓိ-ပြု။)

http://www.dhammadownload.com

ပစ္စယသန္နိဿိတသီလ (ပါ) ပစ္စယ = ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးပါး၌+သန္နိဿိတံ = ကောင်းစွာမှီသော၊ အမှီပြုသော+သီလ = အကျင့်။(ပစ္စဝေက္ခနာ-ပုဒ်ကို ဖြေခဲ့ပြီ။)

စတုပါရိသုဒ္ဓိ (ပါ)=ယခုဆိုခဲ့သော သီလကြီးလေးပါးလုံး ထက်ဝန်းကျင်စင်ကြယ်မှု။ (စတဿော ပါရိသုဒ္ဓိယော စတုပါရိသုဒ္ဓိ။)

သီလဝိသုဒ္ဓိ (ပါ)=သီလ၏ စင်ကြယ်မှု။

စိတ္တဝိသုဒ္ဓိ (ပါ)=စိတ်၏ စင်ကြယ်မှု။

ခြောက်ဆယ့်နှစ်ဖြာ=ဗြဟ္မဇာလသုတ် စသည်တို့၌ လာသော အန္တာနန္တိကဒိဋ္ဌိစသော ၆၂-ပါးသော အယူမှား။

မိစ္ဆာဝါဒီ (ပါ)=မှားသောအားဖြင့် ဆိုလေ့ရှိသော။

ဝိတဏ္ဍီ=ဝိတဏ္ဍဝါဒီ=ဝိတဏ္ဍ သတ္ထ အသီးသီးရှိ၏။ **အချင်း** ချင်း ဆန့်ကျင်မှုများကို ခွဲထွင် ပြသထားသော ကျမ်းမျိုး။(တနည်း) မဂ်ဖိုလ်နတ်ရွာနိဗ္ဗာန်နှင့် ဆန့် ကျင်သည့် အချက်များကို ပြထားသော ကျမ်းမျိုး။ (တနည်း) ဆန့်ကျင်သော အယူတည်းဟူသော လုံ့တံရှိသူတို့၏ ပုတ်ခတ်ချက်များပါသော ကျမ်းမျိုး သည်" ဝိတဏ္ဍသတ္ထ "မည်၏။ ထိုအယူမျိုး ရှိသူအား 'ဝိတဏ္ဍဝါဒီ'ဟု ခေါ်၏။

မဟဂ္ဂုတ်= မဟဂ္ဂတ (ပါ)=ရူပစျာန်စိတ်,အရူပစျာန်စိတ်တို့ ကို မဟဂ္ဂုတ်စိတ်ခေါ်သည်၊လောကီစျာန်မျိုးတည်း။

http://www.dhammadownload.com

မဟာတ္တဂတဆိုလိုသည်၊ မြတ်သောအဖြစ်သို့ ရောက်သောစိတ်-ဟူလို။

လောကုတ္တရာ (ပါ)=လောကမှ လွန်မြောက်သောစိတ်။

ဈာန်=ဈာန (ပါ)=ကပ်၍ရှုခြင်း၊ တနည်း-ဆန့်ကျင်ဘက်နီဝရဏ တရားတို့ကို ဖုတ်မြိုက်လောင်ကျွမ်းစေတတ်သောစိတ်၊ (ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ၊ ပစ္စနိကဓမ္မေ ဈာပေတီတိ ဝါ ဈာနံ။)

ဒိဋ္ဌိဝိသုဒ္ဓိ (ပါ) =အယူ(အမြင်)၏ စင်ကြယ်မှု၊ ၁၆-ပါးသောယုံမှားသက်ာ=အတိတ်၌ ယုံမှားမှု ၈ ပါး၊ အနာဂတ်၌ ယုံမှားမှု ၈ ပါး၊ ပစ္စုပ္ပန်၌ ယုံမှားမှု ခြောက်ပါးအားဖြင့် ၁၆-ပါး။ (အကျယ်မပြသာပေ။)

ကင်္ခါဝိတရဏဝိသုဒ္ဓိ (ပါ) ကင်္ခါ=ယုံမှားခြင်းကို+ ဝိတရဏ=ကူးမြောက်ခြင်း၌+ဝိသုဒ္ဓိ=စင်ကြယ်မှု။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (ပါ) မဂ္ဂ=မဂ် + အမဂ္ဂ=မဂ်မဟုတ် + ဉာဏဒဿန = ဉာဏ်အမြင် + ဝိသုဒ္ဓိ = စင်ကြယ်မှု။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (ပါ) ပဋိပဒါ = မဂ်သို့ ရောက်ကြောင်းအကျင့်+(အကြွင်းနည်းတူ) မဂ်လေးရပ် = သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ် အရဟတ္တမဂ်အားဖြင့် လေးပါး။

မဂ္ဂ (ပါ) =ကိလေသာတို့ကို သတ်၍ သွားတတ်သောစိတ်။ (ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။)

http://www.dhammadownload.com

သဟဇာတ်=သဟဇာတ (ပါ) =တကွဖြစ်ခြင်း။

သမ္ပယုတ်=သမ္ပယုတ္တ (ပါ) =ယှဉ်ဖော် ယှဉ်ဖက်ဖြစ်သော။

သစ္စာလေးတန်=အမှန် လေးတန်။ ဆင်းရဲ အမှန်, ဆင်းရဲ ကြောင်းအမှန်, ဆင်းရဲချုပ်ရာအမှန်, ဆင်းရဲချုပ် ကြောင်း အမှန်ဟူ၍ လေးပါး။

၁၆-နက်=၁၆-နက်ကို စာကိုယ်မှာပင် ပြလတ္တံ့။

ဉာဏဒဿနဝိသုဒ္ဓိ (ပါ)=ဉာဏ်အမြင် စင်ကြယ်မှု။

သုဒ္ဓိ (ပါ)=စင်ကြယ်ခြင်း။(သုဒ္ဓိ ၇-ပါး စာကိုယ်၌ ပါပြီ။)

တဒင်္ဂဝိမုတ္တိ(ပါ)=ဆီမီးရောင်ဖြင့် အမိုက်မှောင်ကို ပယ်သကဲ့သို့ တခဏမျှ ကိလေသာမှ လွတ်ခြင်း။

ဝိက္ခမ္ဘနဝိမုတ္တိ (ပါ) =မှော်ရှိရာ အိုးဖြင့် ရေခပ်သကဲ့သို့ အတန်ကြာအောင် ခွာထားခြင်းအားဖြင့် ကိလေသာမှ လွတ်ခြင်း။

သမုစ္ဆေဒဝိမုတ္တိ (ပါ) =အကြွင်းမရှိ မဂ်ဖြင့် ဖြတ်တောက် လွတ်မြောက်ခြင်း။

ပဋိပဿဒ္ဓိဝိမုတ္တိ(ပါ) = တဖန်ငြိမ်းအေးစေသောအားဖြင့် လွတ်မြောက်ခြင်း။

နိဿရဏဝိမုတ္တိ (ပါ) =လုံးဝ ထွက်မြောက်ခြင်းအားဖြင့် လွတ်မြောက်ခြင်း။ ကျမ်းဂန်များ၌ "ပဟာန"ဟူသော အမည်ဖြင့် သုံးလေ့ရှိကုန်၏။

http://www.dhammadownload.com

အဂါရမုနိ (ပါ) =သာသနာကို သက်ဝင်ပြီး အိမ်ရာတည်ထောင် လူ့ဘောင်၌နေသူ။

အနာဂါရမုနိ (ပါ)=အိမ်ရာမထောင် ရဟန်းဘောင်၌နေသူ။

သေက္ခမုနိ (ပါ)=အောက်မဂ်, အောက်ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ် (၇) ဦး။

အသေက္ခမုနိ (ပါ)=သေက္ခမဟုတ်သော၊ဝါ-အရဟတ္တဖိုလ်ကို ရပြီးသော ရဟန္တာပုဂ္ဂိုလ်။

ပစ္စေကမုနိ (ပါ)=ပစ္စေကဗုဒ္ဓါ။ ဝါ-ဘုရားငယ်။

မုနိန္ဒ(ပါ)မုနိ=မုနိငါးမျိုးတို့ကို+ဣန္ဒ=အစိုးရသော။

အဘိပဝရ (ပါ) အဘိ=အလွန်+ပဝရ=မြတ်သော။

အတုလ (ပါ)=ပြိုင်ဘက်ကင်းပြီး။

ရှင်တော်ဘုရားသည် 'မုနိ မုနိ'' မည်၏။

(၁) အာဂတ ဖလ၊ အာဂါရ၊ ဝိညာတ သာသနော။

(၂) အနာဂါရ၊ တထေဝ၊ သေက္ခတယောက်နှော။

(၃) အသေက္ခမှာ၊ ရဟန္တာ၊ မြတ်စွာ ပစ္စေကော။

(၄) မုနိမုနိ၊ မာရဇိ၊ မိန့်ရှိကျမ်းလာသော။

(မောင်းထောင်ဆရာတော်ကြီး ဆောင်ပုဒ်။)

http://www.dhammadownload.com

အပိုဒ် ၇။

ဂင်္ဂါဝါလု=ဂင်္ဂါဝါလုက (ပါ) ဂင်္ဂါ=မြစ်၊ဝါ- ဂင်္ဂါမည်သောမြစ်+ဝါလု=ဝါလုက=သဲ။

မနန္တဂူ (ပါ)မန=စိတ်၊ ပညာ+အန္တ=အဆုံး+ ဂူ= ဆိုက်ရောက်တော်မူသော (ဘဝန္တဂူရှိလျှင် ပိုသင့်မည်။)

နိဗ္ဗာန်=နိဗ္ဗာန (ပါ) နိ+ဝါန။ နိ=ကင်းမဲ့ခြင်း၊ ထွက်မြောက်ခြင်း+ဝါန=တဏှာ။ တဏှာမှ ကင်းလွတ်ရာ။

သတ္ထာ (ပါ)=နတ်လူတို့၏ ဆရာဖြစ်တော်မူသောဘုရား။

သီလသံဝရ (ပါ)=ဘုရားရှင်အဖို့ အထူးစောင့်ထိန်းအပ်သော သီလ အင်္ဂါဟူ၍ သီးခြားမရှိပြီ။ (ဝိသုံ သီလင်္ဂံ နာမ နတ္ထိ။)

ဣန္ဒြိယ သံဝရ (ပါ)=အနက် ဖြေခဲ့ပြီ။ ဒွါရခြောက်ပါးသို့ ဆိုက်ရောက် လာသော အာရုံတို့၌ ကောင်းစွာဖြစ်သော "ဆဠင်္ဂုပေက္ခာ" သည်ပင် ဣန္ဒြိယသံဝရမည်၏။

ဘောဇန မတ္တညုတာ (ပါ)=ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏ အဖြစ်။ ဆင်ခြင်၍ သုံးဆောင်တော်မူခြင်း ဟူလို။

(ပစ္စဝေက္ခိတွာ ပရိဘောဂေါ-ဇိနာလင်္ကာရ။)

http://www.dhammadownload.com

ဇာဂရိယာနုယောဂ (ပါ)=နိုးကြားခြင်း။ (နိုးချပ်ခြင်း) နှင့် အစဉ်မပြတ်ယှဉ်တော်မူခြင်း။ (ဘဂဝတော ပန နိဒ္ဒါ နာမ နတ္ထိ-ဇိနာလင်္ကာရ။)

သဒ္ဓါ (ပါ)=ယုံကြည်ခြင်း၊ ဉာဏ်နှင့် ယှဉ်သော ယုံကြည်မှု။

သတိ (ပါ)=ကောင်းစွာ တည်သော မမေ့မလျော့ အောက်မေ့မှု။

ဟိရီ (ပါ)=မကောင်းမှုမှ ရှက်ခြင်း။

ဩတ္တပ္ပ (ပါ)=မကောင်းမှု အကုသိုလ်မှ ကြောက်လန့်ခြင်း။

ဗာဟုသစ္စ(ပါ)=များသော အကြားအမြင်ရှိခြင်း။(ကျမ်းဂန် အများ၌ ဗဟုဿုတ, ဗဟုဿုတတ္တ စသည်ဖြင့် အရှိ များ၏၊ ကြား၍သိမှုသည် "သုတ"မည်၏။ ဘုရားရှင် အဖို့ မကြားသော်လည်း ကြားနာရသကဲ့သို့ သိမြင်မှု ရှိသည်။ (တံ သော အသုတ္ဘာဝ သုတောဝိယ ဇာနာ-တိ၊ တသ္မာ ဗဟုဿုတောနာမ–ဇိနာလင်္ကာရ။)

ဝီရိယ (ပါ)=သမ္မပ္ပဓာန် လုံ့လမျိုး၊ "ပရက္ကမဓာတ်"ဟူလို။

ပညာ (ပါ)=မိုးကြိုးလက်နက်ကဲ့သို့ ထက်မြက်သော ပညာ။

စတ္တာရိ ဈာန (ပါ)=စတ္တာရိ=လေးပါးကုန်သော+ဈာန= ဈာန်။ ရူပါဝစရ ဈာန်လေးပါး ဟူလို၊ အရူပဈာန် သည်လည်း ဥပေက္ခာ, ဧကဂ္ဂတာ ဟူသော ဈာန် အင်္ဂါ တူသောကြောင့် ရူပဈာန်၌ပင် အကြုံးဝင်၏။

http://www.dhammadownload.com

စရဏ (ပါ)=ခြေထောက်၊ ခြေထောက်နှင့် တူသောအကျင့်၊ သေခြင်းမရှိသော နိဗ္ဗာန်သို့ သွားရောက်ကြောင်း တရားဟူလို။

သယမ္ဘူ (ပါ)=ဖြေခဲ့ပြီ။

တကာ (ပေါရာဏ)=အများ၊ အားလုံး။

နာနာကုလ (ပါ) နာနာ=အထူးထူး+ကုလ=အမျိုး။

ဝေါဟာရ (ပါ)=ခေါ်ဝေါ်အပ်သော ပညတ်။

ပဋိသမ္ဘိဒါ (ပါ)=ခွဲခြမ်းစိပ်ဖြာ၍ သိခြင်း။ လက္ခဏာကို မှတ်ခြင်း, ထင်စွာပြခြင်း, ပိုင်းခြားခြင်းစသည်တို့ကို အပြားအားဖြင့် သိစွမ်းနိုင်သော ဉာဏ်ဟူလို။

အတ္ထပဋိသမ္ဘိဒါ (ပါ)=အနက်ကို ခွဲခြမ်းစိပ်ဖြာ၍ သိမှု၊ (ယံကိဉ္စိ ပစ္စယသမ္ဘူတ, နိဗ္ဗာန, ဘာသိတတ္ထ, ဝိပါက, ကိရိယာဟူသော ငါးမျိုးကို အနက်ဟု သိ။)

ဝါစာ (ပါ)=စကား။

ဂိရတ်=ဂိရ (ပါ)=စကား။

ဓမ္မပဋိသမ္ဘိဒါ (ပါ)=ပစ္စည်း တရားသဘောတို့ကို ခွဲခြမ်းစိပ်ဖြာ၍ သိမှု။ (ယော ကောစိ ဖလနိဗ္ဗတ္တကဟေတု, အရိယမဂ္ဂ, ဘာသိတ, ကုသလ, အကုသလ ငါးမျိုးသည် ဓမ္မမည်၏။)

ဝစနတ်=ဝစနတ္ထ (ပါ) ဝစန=စကား+အတ္ထ = အနက်။ စကား၏ အနက်။

http://www.dhammadownload.com

ခာတ်=ခာတု (ပါ)=မိမိအနက်သဘောကို ဆောင်တတ်သော ဂမု, ဘူစသော ခာတ်။

ပစ္စည်း=ပစ္စယ (ပါ)=တ, စသောပစ္စည်း။

လိင်=လိင်္ဂ (ပါ)=ပုလ္လိင် စသောလိင်။

နိရုတ္တိ ပဋိသမ္ဘိဒါ (ပါ) နိ=အကြွင်းမဲ့ + ဥတ္တိ=ဆိုမှု၌+ပဋိသမ္ဘိဒါ=ခွဲခြမ်းစိပ်ဖြာ၍ သိမှု။ အနက်, သဘာဝ၌၊ (ဝါ·ထိုအနက်နှင့် ဓမ္မ၌ မဖောက်ပြန်သော သဘာဝနိရုတ္တိကို ခွဲခြမ်းစိပ်ဖြာ၍ သိမှု။)

ပဋိဘာန ပဋိသမ္ဘိဒါ (ပါ) ပဋိဘာန=အလုံးစုံသော အရာ၌ ဖြစ်သော ဉာဏ်ပညာ။ ဝါ·သုံးပါးသော ဉာဏ်တို့၌ ဆင်ခြင်သောအားဖြင့် ဖြစ်သော ဉာဏ်ပညာ။ ပဋိသမ္ဘိဒါ=ဖြေခဲ့ပြီ။

ဣဒ္ဓိဝိဓ (ပါ) =ဣဒ္ဓိ=တန်ခိုး+ဝိဓ=အပြား။ ထိုတွင် (၁) တစ်ဦးကို အများဖြစ်အောင် ဖန်ဆင်းမှုစသော အဓိဋ္ဌာနိဒ္ဓိ (၂) ပကတိအသွင်ကို စွန့်ခြင်း ဟူသော ဝိကုဗ္ဗနိဒ္ဓိ (၃) ဤကိုယ်အတွင်း၌ ဖန်ဆင်းအပ်သော မနောမယိဒ္ဓိ။ ဤ ၃-ပါးတို့သည် "ဣဒ္ဓိဝိဓ" မည်ကုန်၏။

ဒိဗ္ဗစက္ခု (ပါ)=ပြခဲ့ပြီ။

ဒိဗ္ဗသောတ (ပါ)=နတ်နားကဲ့သို့သော အဘိညာဉ်။

စေတောပရိယ(ပါ)=နောက်က ပြခဲ့သော "ပရစိတ္တ ဝိဇာနန" သည်ပင် စေတောပရိယမည်၏။ (ပရိယာယတီတိ

http://www.dhammadownload.com

ပရိယံ၊ ပရိစ္ဆိန္ဒတီတိ အတ္ထော၊ စေတသော ပရိယံ စေတောပရိယံ။ ဝိသုဒ္ဓိမဂ်။) ရာဂနှင့် တကွဖြစ်သည် စသောအားဖြင့် ပိုင်းခြားသိမြင်မှုဟူလို၊ (စိတ်လျှင် ပမာနရှိသော အဘိညာဉ်။ စိတ္တသာ ပမာနတ္တာ စေတောပရိယ ညာဏန္တိ ဝုတ္တံ၊ မဏိမဉ္ဇူ။)

ပုဗ္ဗေနိဝါသာနုဿတိ (ပါ)=ပြခဲ့ပြီ။

ယထာကမ္မူပဂ (ပါ) =အကြောင်အကြင် ကံကို ဆည်းပူးအပ်၏၊ ထိုထို ကံအရ ထိုထိုဘဝသို့ ရောက်ခြင်း၌ သိသော ညာဏ်။ (ယထာ+ကမ္မ+ဥပဂစ္ဆ ဟူလို။)

အနာဂတံသ (ပါ)အနာဂတ =လာလတ္တံ့သော+ အံသ= **အဖို့အစု**။

(မဟာ အဋ္ဌကထာ အလို) စိတ်သာလျှင် စေတောပရိယ၏ အာရုံဖြစ်သည်၊ (ရှင်ဗုဒ္ဓဃောသအလို) နာမက္ခန္ဓာ လေးပါးလုံးကို အာရုံပြုသည်။ အနာဂတံသညာဏ်သည် မိမိ၏**အရာ**၌ သဗ္ဗညုတညာဏ်နှင့် အလားတူသည်ဟု ဋီကာကျော်၌ ဆိုသည်၊ ဤညာဏ်ကို ရည်၍ ပါရမီခန်း၌“**အနာဂတံသ**၊ ညာဏကျော်ခေါင်၊ ပညာရောင်ဖြင့်၊ နောက်နောင်ခါဖို့၊ ကြည့်ပြီးမြို့သော်၊ ငါသို့လည်းကောင်း၊ မြတ်ရာချောင်းလျက်”ဟု ဖေပ်သည်။ ယထာကမ္မူပဂနှင့် အနာဂတံသသည် ဒိဗ္ဗစက္ခု၏ အစွမ်းဖြင့်ပင် ပြီး၏၊ ပရိကံ သီးခြားမရှိ။

အဘိညာဉ် = အဘိညာဏ (ပါ) အဘိ = အောက်ပညာမှ ထူးသောအားဖြင့်၊ (ဤကား အဋ္ဌကထာ, ဋီကာများ

http://www.dhammadownload.com

အလို။) အဘိ=လွန်ကဲသော၊ (နေ့တ္တိဋီကာအလို) ဉာ=ဉာဏ=သိမြင်သော ပညာ။

ရူပဈာန်လေးရပ်=စတုက္ကနည်းအရ (၁) ဝိတက်,ဝိစာရ,ပီတိ, သုခ,ဧကဂ္ဂတာ ငါးပါးနှင့် ပြည့်စုံသောဈာန် (၂) ပီတိ,သုခ, ဧကဂ္ဂတာနှင့်ပြည့်စုံသောဈာန် (၃) သုခ, ဧကဂ္ဂတာနှင့် ပြည့်စုံသောဈာန် (၄) ဉပေက္ခာ,ဧကဂ္ဂတာနှင့် ပြည့်စုံသော ဈာန်ဟူ၍ လေးပါး။

အရူပဈာန်လေးရပ်=အာကာသာနဉ္စာယတန, ဝိညာနဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတနဟူ၍ လေးပါး။

သမာပတ်=ပြခဲ့ပြီ။

ကျေးဇူးတော်တဆယ့်ရှစ်ပါး=ဂုဏ်ကျေးဇူးတော် တဆယ့်ရှစ်ပါးဟူသို။ သုတ်ပါထေယျ၊ သိင်္ဂီတိသုတ်အဖွင့်, ဗုဒ္ဓဝင် အဋ္ဌကထာ,ဇိနာလင်္ကာရ,ပရိတ်ကြီး အာဋာနာဋိယသုတ် "ဥပေတာဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ" အဖွင့်ဋီကာ စသည်တို့၌ ပြအပ်သော "ဗုဒ္ဓ ဓမ္မ" ၁၈-ပါးကား (၁) ပစ္စုပ္ပန် (၂) အတိတ် (၃) အနာဂါတ်တို့၌ ဖြစ်သော မပိတ်ပင် မတားဆီးနိုင်သော (အပ္ပဋိဟတ) ဉာဏ်တော်သုံးပါး။ (၄) ကာယကံ (၅) ဝစီကံ (၆) မနောကံတို့၌ ဉာဏ်လျှင်ရှေ့သွားရှိသော ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်သော (ဉာဏပုဗ္ဗင်္ဂမ, ဉာဏာနုပရိဝတ္တ) ဂုဏ်တော် သုံးပါး၊ (၇) ဆန္ဒ (၈) ဝီရိယ (၉)သတိ (၁၀) သမာဓိ

http://www.dhammadownload.com

(၁၁)ပညာ (၁၂)ဝိမုတ္တိတို့၏ဆုတ်ယုတ်ခြင်းမရှိသော ဂုဏ်တော်ခြောက်ပါး (၁၃)မြူးတူးခြင်း (၁၄) မြူးတူးလိုသောစကား (၁၅) ချွတ်ယွင်းခြင်း (၁၆) အဆောတလျင် အမှုကို ပြုခြင်း (၁၇) ကြောင့်ကြမဲ့ခြင်း (၁၈) မဆင်မခြင်အမှုကို ပြုခြင်းတို့၏ မရှိခြင်းဟူသော ဂုဏ်တော်ခြောက်ပါးအားဖြင့် ပေါင်း ၁၈-ပါး ဖြစ်သတည်း။

အံ့ဖွယ်တော်တဆယ့်ရှစ်စုံ= (၁) သက်နိုးတော်၏ ဖွပ်ဆိုးခြင်း, နယ်ခြင်း,နွမ်းရိခြင်း မရှိခြင်း၊ (၂) ဆံတော်လက်နှစ်သစ်သာ အမြဲတည်ခြင်း၊ (၃) ပရိက္ခရာတို့ကို ဆောင်ရာ၌ ကိုယ်တော်နှင့် လက်လေးသစ်မျှကွာခြားခြင်း၊ (၄) သပိတ်တော်ကို ဆေးလျှင် လက်တော်စင်ခြင်း,လက်တော်ကိုဆေးလျှင် သပိတ်တော် စင်ခြင်း၊ (၅) ရောင်ခြည်တော်ခြောက်ပါးကို လွှတ်လျှင် အရပ်ဆယ်မျက်နှာနှံ့ခြင်း၊ (၆) ကိုယ်တော်ကို အသိန်းအသန်း ဖန်ဆင်းနိုင်ခြင်း၊(၇)ဇာတိ,အာဏာ,ဝိသယ ခေတ်သုံးပါးတို့၌ အမိုက်ကိုလည်းကောင်း, အလင်းကိုလည်းကောင်း, ဖန်ဆင်းနိုင်ခြင်း၊ (၈) မုန်ညင်းသီးခန့် ကြုတ်တွင်းသို့လည်း ဝင်နိုင်ခြင်း၊ (၉)ကိုယ်ကို အထက်ကောင်းကင်သို့ရောက်အောင် လဝန်းပေါ်သကဲ့သို့ မြင်နိုင်ခြင်း၊ (၁၀) အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် ဟော သည့်တရားကိုပရိသတ်အားလုံး ကြားနိုင်ခြင်း၊ (၁၁) အာသယာနုသယဉာဏ်တော်ရှိခြင်း၊ (၁၂) ကျွတ်မည့် သတ္တဝါကို

http://www.dhammadownload.com

သိနိုင်သည့် မဟာကရုဏာသမာပတ္တိဉာဏ်တော်ရှိခြင်း၊ (၁၃) ဘယ်ချိန်ခါ ကျွတ်မည်စသည်ဖြင့် သိနိုင်သောဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ရှိခြင်းဟူသော "အစိန္တေယျဝတ္ထု"လာ ၁၃-ပါးနှင့် (၁၄) သဒ္ဒါရ၊ (၁၅) ဝိကာရ၊ (၁၆) လက္ခဏာ၊(၁၇) နိဗ္ဗာန်၊ (၁၈) ပညတ်ငါးပါးတို့၌ သိသောဉာဏ်ကို ထည့်၍ ၁၈-ပါး ဟူ၏။ကဝိလက္ခဏာသတ်ပုံ၌ "ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ" ဟု စပ်သည်။

ကိလေသမာရ်=တထောင့်ငါးရာ ကိလေသာထို၏ရန်။

ခန္ဓမာရ်=ခန္ဓာငါးပါးဟူသောရန်။

မစ္စုမာရ်=သေခြင်းဘေးရန်။

အဘိသင်္ခါရမာရ် = ပြုပြင် စီရင်တတ်သော သင်္ခါရတို့၏ ဘေးရန်။

သတိပဋ္ဌာန် = **သတိပဋ္ဌာန** = (ပါ) သတိ = မမေ့မလျော့ အောက်မေ့ခြင်းဟူသော **သတိ**+**ပဋ္ဌာန**=ကြီးကဲ ပြဋ္ဌာန်းခြင်း၊(တနည်း)ကာယစသော အာရုံသို့ ဆိုင်၍ ဖြစ်တတ်သောတရား၊(ပုဒ်တိုင်းနှင့် ဆိုင်သည့် ဤပုဒ် ကို မှတ်ခဲ့ပါ။)

ကာယာနုပဿနာ(ပါ) ကာယ=ကိုယ်+အနု=အဖန်တလဲလဲ +ပဿနာ=ရှုမြင်မှု၊ ကိုယ်ကို သတိပြဋ္ဌာန်းသော စိတ်ဖြင့် **အဖန်တလဲလဲရှုမှု**။

http://www.dhammadownload.com

ဝေဒနာ (ပါ)=ခံစားခြင်း။ အနုပဿနာ(အကြောင်းနည်းတူ။)
စိတ္တ (ပါ)=စိတ်။ (အကြောင်းနည်းတူ။)

ဓမ္မ (ပါ)=ရုပ်,နာမ်တရား၊ရုပ်နာမ်တရားတို့၌ သတိပြဋ္ဌာန်းသော ဉာဏ်ဖြင့် အဖန်တလဲလဲရှုမှု။

သမ္မပ္ပဓာန်=သမ္မပ္ပဓာန (ပါ)=ကောင်းစွာလုံ့လပြုကြောင်းဖြစ်သော ဝီရိယ၊(သမ္မာရှေး, ပရှေးရှိသောဓာတ်, ယုပစ္စည်း။)

ဣဒ္ဓိ (ပါ)=ပြည့်စုံခြင်း၊ ပြီးစီးခြင်း၊ (ဣဇ္ဈနံ ဣဒ္ဓိ၊ ဣဒ္ဓိယာ ပါဒေါ ဣဒ္ဓိပါဒေါ။)

ဣဒ္ဓိပါဒ (ပါ) ဣဒ္ဓိ=ပြီးပြည့်စုံခြင်း၏+ပါဒ=အခြေ။ ပုဒ်တိုင်းယှဉ်သဖြင့် မှတ်ခဲ့ပါ။

ဆန္ဒ (ပါ)=အလိုဆန္ဒ။ (ဆန္ဒိဒ္ဓိပါဒ=ဆန္ဒ+ဣဒ္ဓိ+ပါဒ။)

စိတ္တ (ပါ)=စိတ် (စိတ္တိဒ္ဓိပါဒ=စိတ္တ+ဣဒ္ဓိ+ပါဒ။)

ဝီရိယ (ပါ)=လုံ့လ(ဝီရိယိဒ္ဓိပါဒ=ဝီရိယ+ဣဒ္ဓိ+ပါဒ။)

ဝီမံသ (ပါ)=ပညာ (ဝီမံသိဒ္ဓိပါဒ=ဝီမံသ+ဣဒ္ဓိ+ပါဒ။)

သဒ္ဓိန္ဒြေ=သဒ္ဓိန္ဒြိယ (ပါ)=သဒ္ဓါ+ဣန္ဒြိယ။သဒ္ဓါ=ယုံကြည်မှု+ဣန္ဒြိယ=အစိုးရခြင်း၊(မှတ်ခဲ့ပါ။)ဝီရိယိန္ဒြေ,သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေပုဒ်တို့လည်း အစိပ်စိပ်ဖြေခဲ့လှပြီ၊ သဒ္ဓိန္ဒြေသိလျှင်လည်း သိနိုင်ပြီ။

သဒ္ဓါဗိုလ်=သဒ္ဓါဗလ (ပါ) သဒ္ဓါ=သဒ္ဓါတည်းဟူသော+ဗလ=အား။

http://www.dhammadownload.com

သတိဗိုလ်, သမာဓိဗိုလ်, ဝီရိယဗိုလ်, ပညာဗိုလ်တို့သည်လည်း သဒ္ဓါဗိုလ်ကို ရှု၍ သိသာပြီ။

သတိသမ္ဗောဇ္ဈင်=**သတိသမ္ဗောဇ္ဈင်** (ပါ) သတိ=အောက်မေ့ခြင်း + သံ=ကောင်းစွာ + ဗောဓိ= သိသူ = အသိ=အနိုး= အပွင့်+အင်္ဂ=အစိတ်အပိုင်း၊ ဝါ-အကြောင်း။သတိသည်ပင် ကောင်းစွာ သိသောသူ၊ (ဝါ-သိခြင်း,ပွင့်ခြင်း,နိုးခြင်း၏) အင်္ဂါအစိတ်အပိုင်း၊ ဝါ-အကြောင်းခံဟူလို၊ နောက်ကို နည်းယူရန် မှတ်ခဲ့ပါ။

ဓမ္မဝိစယ(ပါ)=ပညာဉာဏ်ပင်တည်း။

ဝီရိယ(ပါ)=ဖြေခဲ့လှပြီ၊

ပီတိ(ပါ)=နှစ်သက်ရွှင်ပျခြင်း။

ပဿဒ္ဓိ(ပါ)=ငြိမ်းချမ်းခြင်း။

သမာဓိ(ပါ)=တည်ကြည်ခြင်း။

ဥပေက္ခာ(ပါ)=လျစ်လျူရှုခြင်း။

သမ္မာဒိဋ္ဌိ (ပါ)=ကောင်းစွာမြင်ခြင်း။

သမ္မာသင်္ကပ္ပ (ပါ)=ကောင်းစွာကြံစည်ခြင်း။

သမ္မာကမ္မန္တ (ပါ)=ကောင်းစွာပြုလုပ်ဆောင်ရွက်ခြင်း။

သမ္မာအာဇီဝ (ပါ)=ကောင်းစွာအသက်မွေးခြင်း။

သမ္မာဝါယာမ (ပါ)=ကောင်းစွာအားထုတ်ခြင်း။

http://www.dhammadownload.com

သမ္မာသတိ (ပါ)=ကောင်းစွာအောက်မေ့ခြင်း။

သမ္မာသမာဓိ (ပါ)=ကောင်းစွာ တည်ကြည်ခြင်း။

မဂ္ဂင်=မဂ္ဂင်္ဂ (ပါ)=မဂ္ဂ=မဂ်၏+အင်္ဂ=အစိတ်အပိုင်း။

သုံးဆယ်ခုနစ်ရပ်=သတိပဋ္ဌာန်-၄၊ သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်-၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင်-၇၊ မဂ္ဂင်-၈-ပါး အားဖြင့် ၃၇-ပါး။

ဗောဓိပက္ခိယ (ပါ) ဗောဓိ=အရိယမဂ် ဟူသော သစ္စာလေးပါးကို သိသောဉာဏ်+ပက္ခ=အဖို့၊ သစ္စာလေးပါးကို သိဖို့ တရားဖြစ်သည် ဟူလို။ (ဗောဓိပက္ခေ ဘဝါ ဗောဓိပက္ခိယာ-ပြု။)

အသင်္ခတ (ပါ) အ=မ+သင်္ခတ=ပြုစီရင်ခြင်း၊ အသင်္ခတ= ပြုစီရင်ခြင်းမရှိ။

ဓမ္မာရုံ=ဓမ္မာရမ္မဏ (ပါ) ဓမ္မ+အာရမ္မဏ။ တရားတည်း ဟူသော အာရုံ၊ ဤ၌ နိဗ္ဗာန်ဟူသော အာရုံကိုယူ။

အပိုဒ် ၈။

ဒါနပါရမီ (ပါ) ဒါန=ပေးလှူခြင်း+ပါရမီ=နိဗ္ဗာန်ဟူသော တဘက်ကမ်းသို့ ရောက်စေတတ်သောတရား။

သီလ (ပါ)=အကျင့်။

နိက္ခမ (ပါ)=ထွက်ခြင်း၊ စွန့်ထွက်ခြင်း၊ တောထွက်ခြင်း။

ပညာ (ပါ)=အပြားအားဖြင့် သိခြင်း။

http://www.dhammadownload.com

ဝိရိယ(ပါ)=လုံ့လပြုခြင်း။

ခန္တိ(ပါ)=သီးခံခြင်း။

သစ္စာ(ပါ)=မှန်ကန်ခြင်း။

မေတ္တာ(ပါ)=ချစ်ခြင်း။

အဓိဋ္ဌာန်=အဓိဋ္ဌာန(ပါ)=ဆောက်တည်ခြင်း။

ဥပေက္ခာ(ပါ)=လျစ်လျူရှုခြင်း။

ဆယ်လီသုံးစုံ=ပါရမီ ၁၀-ပါးတို့တွင် တပါးတပါး၌ (၁) အယုတ် (၂) အလတ် (၃) အမြတ်အားဖြင့် သုံးပါးစီဖြစ်သောကြောင့် သုံးဆယ်ဖြစ်၏။ ၎င်းကိုပင် "ဆယ်လီသုံးစုံ" ဟု ဆိုသည်။

ကာဠာဝက (ပါ)=လူ ၁၀-ယောက် အားရှိသော မြည်တတ်သောဆင်။

ဂင်္ဂေယျ(ပါ)=ဂင်္ဂါမြစ်နား၌ ဖြစ်သောဆင်။

ပဏ္ဍရ (ပါ)=ဖြော့သော ရွှေရောင်ရှိသောဆင်။

တမ္ဗ (ပါ)=ကြေးနီအဆင်းရှိသောဆင်။

ပိင်္ဂလ (ပါ)=ကြောင်သော အဆင်းရှိသောဆင်။

ဂန္ဓ (ပါ)=ရနံ့မွှေးသောဆင်၊ ရနံ့နှင့်ယှဉ်သောဆင်။

မင်္ဂလ (ပါ)=တင့်တယ်စွာ သွားတတ်သောဆင်။

ဟေမ (ပါ)=ရွှေရောင်ရှိသောဆင်။

http://www.dhammadownload.com

ဥပေါသထ (ပါ)=ဥပေါသထမျိုး၌ ဖြစ်သောဆင်။

ဆဒ္ဒန်=ဆဒ္ဒန္တ (ပါ) အစွယ်မှ အရောင်ခြောက်မျိုး ထွက်သောဆင်၊ ကုဋေတထောင်အားကို ဆောင်နိုင်သည်။ ကာဠာဝက ဆယ်စီးအားကို ဂဝေ်ယျ ဆောင်နိုင်၏၊ ဤနည်းအတိုင်း ဥပေါသထ ဆယ်စီးအားကို ဆဒ္ဒန်ဆင် ဆောင်နိုင်၏ဟု မှတ်သင့်၏။ ဆဒ္ဒန်ဆယ်စီးအားကို ဘုရားရှင်ဆောင်နိုင်၏-ဟု ဆိုသောကြောင့် လူနှင့်တွက်ယူလေ။ "ဥပေါသထ, ဆဒ္ဒန်ဖြူမျိုးမှန်လျက် ဖောက်ပြန်ဆင်မည်း,ဖြစ်သတည်းဟု,ထုံးနည်းစကား, မကြားစဘူး"ဟူသော သံဝရပျို့ကို ထောက်၍ ဥပေါသထနှင့် ဆဒ္ဒန်တို့ကို အဆင်းဖြူသည်-ဟု မှတ်ပါ။

ဌာနာဋ္ဌာန ကောသလ္လဉာဏ်=အရာဟုတ်သည် မဟုတ်သည် (အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်။)

ဝိပါကဉာဏ်=ကမ္မသမ္မာဒါနဝိပါကဉာဏ် (ပါ) ကမ္မ=အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလသုံးပါး၌ ဆောက်တည်အပ်သော ကုသိုလ်ကံ, အကုသိုလ်ကံကို +သမာဒါန = ဆောက်တည်အပ်သော +ဝိပါက=အကျိုး(ကို သိသောဉာဏ်။)

သဗ္ဗတ္ထဂါမိနီ ပဋိပဒါ (ပါ) သဗ္ဗတ္ထ=ငရဲစသော အလုံးစုံသော ဂတိသို့+ဂါမိနီ=ရောက်စေတတ်, လားစေတတ်သော +ပဋိပဒါ=အကျင့် (ဝါ-ကံ) ကို သိသောဉာဏ်။

http://www.dhammadownload.com

နာနာဓာတုဉာဏ်=အနေကဓာတု နာနာဓာတုဉာဏ (ပါ) အနေက=တပါးမက များစွာသော+ ဓာတု=ဓာတ် +နာနာ= အထူးထူးသော+ဓာတု=ဓာတ်၊ (တို့ကို သိသောဉာဏ်။)

အဓိမုတ္တိဉာဏ်=နာနာဓိမုတ္တိဉာဏ (ပါ) နာနာ=အထူးထူး သော+အဓိမုတ္တိ=အလိုဆန္ဒ, အာသယ, နှလုံးသွင်း (ကို သိသောဉာဏ်။)

ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် (ပါ)=သဒ္ဒါစသော ဣန္ဒြေတို့၏ ကြီးပွားခြင်း, ယုတ်လျော့ခြင်းကို သိသောဉာဏ်။

ဈာနာဒိသံကိလေသဉာဏ် = ဈာနဝိမောက္ခာဒိသံကိလေသဉာဏ(ပါ) ဈာနာဒိ=ဈာန်တရား, ဝိမောက္ခတရား, သမာဓိတရား, သမာပတ်တရားစသည်တို့၏ + သံကိလေသ=ညစ်ညူးကြောင်းဖြစ်သည်(ကို သိသော ဉာဏ်။)

ပုဗ္ဗေနိဝါသ,ဒိဗ္ဗစက္ခု,အာသဝက္ခယ တို့ကိုဖြေခဲ့ပြီ။ ဣဿရိယ,ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တတည်း ဟူသော ဘုန်းတော်ခြောက်ပါး၏ အနက်ကို ဆရာတော်ကြီးကိုယ်တိုင် သဒ္ဒါနက်နှင့်တကွ ပြပြီး ဖြစ်၍ ထပ်မံပြဖွယ် မလိုပြီ။

အပိုဒ် ၉။

အစုဆသတဓာတက= (ပါ) =အခွဲနှင့်တကွ ခြောက်ရာရှိ သော ဓာတ်။ ဝါ-ငါးရာ့ငါးဆယ်ဓာတ်။

http://www.dhammadownload.com

အနန္တဘဝ (ပါ) = အဆုံးအပိုင်းအခြားမရှိသော ဘဝ။

နေပရိစ္စာဂ(ပါ)= ဥစ္စာကို စွန့်လှူမှု။

ပုတ္တပရိစ္စာဂ(ပါ)= သားသမီးကို စွန့်လှူမှု။

ဘရိယပရိစ္စာဂ(ပါ)= မယားကို စွန့်လှူမှု။

အင်္ဂပရိစ္စာဂ(ပါ)= ကိုယ်အင်္ဂါကြီးငယ်ကို စွန့်လှူမှု။

ဇီဝိတပရိစ္စာဂ(ပါ)=အသက်ကို စွန့်လှူမှု။

အဏ္ဏမာ, လဃိမာစသော ဤတန်ခိုး ၈-ပါးကို ဆရာတော်ကြီးကိုယ်တိုင် တခုစီ အနက်ပြန် ဖော်ထားပြီဖြစ်၍ ဖြေဖွင့်ယ်မလိုပြီ၊ ဤတန်ခိုး ၈-ပါးတို့ကို လောကီသင်္ကရိုက်ကျမ်းဂန်များ၌လည်း ဂုဏ်းတို့ဘုရား၏ တန်ခိုးဟု ပြကုန်၏။

ဘာသာမာဂဓိုရ်=ဘာသာ မာဂဓရဇ္ဇ=မာဂဓရဇ္ဇ ဘာသာ (ပါ)=မဂဓတိုင်း၌ ဖြစ်သော ဘာသာ။

ရာဇဂြိုဟ်=ရာဇဂဟ (ပါ) ရာဇ=မန္ဓာတုစသော မင်း+ဂဟ =ယူငင်အုပ်စိုးအပ်သောမြို့၊ ယခုအခါ ကုလားတို့က " ဆဟေတ် မဟေတ်" ဟု ခေါ်ကြ၏။

ဥဒါန်း=ဥဒါန(ပါ)= ဝမ်းမြောက်သဖြင့် ထုတ်ဖော်ကျူးရင့်အပ်သော စကား။

နေရုပဗ္ဗတ (ပါ)=နေရုမည်သော မြင်းမိုရ်တောင်။

သီတာ=သီဒါ (ပါ)=နစ်မြုပ်တတ်သောကြောင့် သီဒါမည်သော ၇-တန်။

http://www.dhammadownload.com

ကမ္မာကမ္မ (ပါ)=ပြုဖွယ်အမှု, မပြုဖွယ်အမှု။

ကုံင (ပေါရာဏ) =ပြည့်စုံခြင်း။

ဂိရိ (ပါ)=တောင်။

ဗဟို=အလည်, အလယ်။

မုဋ္ဌာန်= သမုဋ္ဌာန်= သမုဋ္ဌာန (ပါ) =ကောင်းစွာဖြစ်ပေါ်
စေခြင်း။

အပိုဒ် ၁၀။

ပိဋ္ဌနုဋ္ဌ (ပါ)=နှိပ်စက်ခြင်းအနက်။

သခ်တဋ္ဌ (ပါ)=စီရင်မှုအနက်။

သန္တာပဋ္ဌ (ပါ)=ပူပန်မှုအနက်။

ဝိပရိဏာမဋ္ဌ (ပါ)=ဖောက်ပြန်မှုအနက်။

အာယူဟနဋ္ဌ (ပါ)=အားထုတ်ခြင်းအနက်။

သံယောဂဋ္ဌ (ပါ)= ယှဉ်စေတတ်သောအနက်။

နိဒါနဋ္ဌ (ပါ)=ဆင်းရဲဖြစ်ကြောင်းအနက်။

ပလိဗောဓဋ္ဌ (ပါ)=တားမြစ်ခြင်းအနက်။

နိဿရဏဋ္ဌ (ပါ)=ကူးမြောက်ခြင်းအနက်။

ဝိဝေကဋ္ဌ (ပါ)=ဆင်းရဲမှ ကင်းဆိတ်ခြင်းအနက်။

အသခ်တဋ္ဌ(ပါ)=မပြုပြင်မှုအနက်၊ ပြုပြင်မှုမရှိသော အနက်။

http://www.dhammadownload.com

LIBRARY
Promotion
of the Sasana
Kaba-Aye, Rangoon.

အမတင္ဆ (ပါ)=မသေရာအနက်။

နိယျာနင္ဆ (ပါ)=ထွက်မြောက်ခြင်းအနက်။

ဟေတွင္ဆ (ပါ)=ထွက်မြောက်ကြောင်းအနက်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအနက်။

ဒဿနင္ဆ(ပါ) =နိဗ္ဗာန်ကို မြင်တတ်သောအနက်။

အဓိပတေယျင္ဆ (ပါ)=အစိုးရခြင်းအနက်။

ဓမ္မဘောရီ (ပါ)=တရားစည်ကြီး။

မေဒနီ(ပါ) =မြေကြီး၊ ဤ၌ မြေဆီသြဇာကိုယူ။

ဒေဝါတိ ဒေဝိန္ဒ (ပါ) ဒေဝ= နတ်+အတိ = အလွန်၊ လွန်၍ဖြစ်သော+ဒေဝ=နတ်တို့ကို+ ဣန္ဒ =အစိုးရသောဘုရား၊ (ဗြဟ္မာတိဗြဟ္မိန္ဒ- လည်း နည်းတူအနက်ယူပါ၊ ဗြဟ္မာပုဒ်သာ ထူး၏။)

တိဘဝ ပါရဂူ (ပါ) တိ=၃+ဘဝ=ကာမဘဝ, ရူပဘဝ, အရူပဘဝ + ပါရဂူ = တဘက်ကမ်းသို့ ရောက်ခြင်း။

အဘိဘူ(ပါ) =လွှမ်းမိုးအုပ်စိုး၍ ဖြစ်သော။

ပါမောက္ခ(ပါ) =အကြီးအမှူး။

ဤတွင် ခက်ဆစ်အဖြေပြီး၏။

မာဃ

http://www.dhammadownload.com

ပ-မ-သ-စ —၁၈၄—၇-၁၀-၈၁—၅၀၀၀-အုပ်။ (၂)

http://www.dhammadownload.com

စိရံ တိဋ္ဌတု သဒ္ဓမ္မော

ထွန်းလင်းထိန်ပြောင် အရောင်ဓာတ်သား သူတော်ကောင်းတို့၏ အမြတ်တရားဖြစ်သော သာသနာတော်သည် နှစ်ပေါင်း ငါးထောင်ကြာမြင့် အောင်လျှင် မိုက်မှောင် ပယ်ရှင်း အရောင်ဝင်းလျက် ထွန်းလင်း တည်တံ့ပါစေသတည်း။

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဝဍ္ဎတု ဇိနသာသနံ

ဇိနသာသနံ၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်၏၊ သုံးအင်မြတ်စွာ၊ သာသနာသည်။ ဝဍ္ဎတု၊ စန္ဒာဋ္ဌေလ၊ ဆန်းပက္ခသို့၊ ခဏမခြား၊ အကျိုးများ၍၊ တိုးပွားပါစေသတည်း။

19